ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ တနင်္ဂနေနေ့၊ (20-12-2015) (စဉ်-၂၀)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ် ၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင် မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အဂုံတ္တိရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)လာရှိုးမြို့တွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာ အောင်မြတ်ဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မူဆယ်မြို့သို့ရောက်ရှိကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီနှင့် နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းအား ကြည့်ရှုကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းအတွင်းရှိ ဈေးဆိုင်ခန်းများဆောက်လုပ်ပြီးစီးမှု၊ ကျောက်မျက်ဈေး တည်ဆောက်နေမှု၊ လူနေအိမ်ရာများ တည်ဆောက်နေမှု၊ ဖွင့်လှစ်ရန်လျာထားသည့် နိုင်ငံတကာဝင်/ထွက်ဂိတ်နေရာ တည်ဆောက်ပြီးစီးမှုနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မူဆယ်ဗဟိုစီးပွားရေးဇုန်အနီးရှိ တော်ရွက်ရပ်ကွက် ဟိုဆောင်နယ်မြေ၌ ဒေသဖွံ့ဖြိုးရေးအတွက် နယူးစတားလိုက်ကုမ္ပဏီမှ ငွေကျပ်သိန်း ၃၅၀၀ ခန့် အကုန်အကျခံဆောက်လုပ်နေသည့် လူငယ်ရိပ်သာတည်ဆောက်နေမှုကို ကြည့်ရှုပြီးလိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးငွေစိုးက စီမံကိန်းဇုန်ခြောက်ခုအတွင်း ဇုန်အလိုက်တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို စီမံကိန်းဇုန်တစ်ခုခြင်းအလိုက် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းပုံစံငယ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြကျွန်းသာအပန်းဖြေဥယျာဉ်အတွင်း စည်းကမ်းနှင့်မညီသည့်အဆောက်အအုံဆောက်လုပ်မှု တားဆီးသွားမည်ဟု ကော်မတီဝင် ဦးခင်လှိုင်ပြောကြား

စာမျက်နှာ ၃ »

ရန်ကုန်မြို့ မြကျွန်းသာဥယျာဉ်အတွင်းရှိ ဆောက်လုပ်ဆဲအဆောက်အအုံများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း (၂၅)ခုတင်အထက် ဆေးရုံများ အဆင့်မြှင့်တင်ဆောင်ရွက်နေ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း (၂၅)ခုတင်အထက်ဆေးရုံများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အရှေ့ပိုင်းခရိုင်တွင် ဆေးရုံ ခြောက်ရုံ၊ မြောက်ပိုင်းခရိုင်တွင် ဆေးရုံနှစ်ရုံ၊ အနောက်ပိုင်းခရိုင်တွင် ဆေးရုံသုံးရုံ၊ တောင်ပိုင်းခရိုင်တွင် ဆေးရုံခြောက်ရုံတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်းနှင့် ကုသရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီရင်ခံစာအရ သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးရုံများ အဆင့်မြှင့်တင်ဆောင်ရွက်နေရာတွင် အရှေ့ပိုင်းခရိုင်အတွင်း သယ်နန်းကျွန်း စံပြအထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၅၀၀)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်

စာမျက်နှာ ၅ ကော်လံ ၁ သို့

ကြေးမုံ စာတည်းရှေ့ထောင့် ၂၀-၁၂-၂၀၁၅၊ တနင်္ဂနွေနေ့

နိုင်ငံနှင့်ပြည်သူအကျိုးစီးပွား

စီးပွားရေးသဘောတရားအရ အရည်အသွေးနိမ့်ပြီး ဈေးနှုန်းသက်သာလျှင် ရောင်းကုန်အရေအတွက် တိုးတက်ကာ အမြတ်အစွန်းများပါသည်။ အရည်အသွေးကောင်းပြီး ဈေးနှုန်းကြီးမြင့်နေလျှင် ရောင်းကုန်အရေအတွက်နည်းသော်လည်း အမြတ်အစွန်းရှိပါသည်။ ကုန်ထုတ်လုပ်သူများအဖို့ အများပြည်သူအကျိုးစီးပွားကို အမှန်တကယ် ရှေးရှုမည်ဆိုပါက ဒုတိယနည်းကို ရွေးချယ်ကြမည်ဟု ယုံကြည်ပါသည်။

ကုန်ထုတ်လုပ်သူဘက်က ကြည့်မည်ဆိုပါက ထုတ်လုပ်မှုစရိတ်သက်သာမည်ဆိုလျှင် အရည်အသွေးနည်းပြီး ဈေးနှုန်းသက်သာသော ကုန်ပစ္စည်းကို ထုတ်လုပ်ကာ အကျိုးအမြတ်ကိုရှာဖွေကြမည်ဖြစ်သည်။ ထုတ်လုပ်မှု စရိတ်များလျှင် အရည်အသွေးကောင်းပြီး ထိုက်သင့်သောဈေးနှုန်းဖြင့် ကုန်ပစ္စည်းကို ထုတ်လုပ်ကာ အကျိုးအမြတ်ရှာဖွေမည်ကြမည်မှာ သဘာဝပင်ဖြစ်သည်။

မိမိထုတ်လုပ်လိုက်သော ကုန်ပစ္စည်းသည် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိသောကုန်ပစ္စည်းဖြစ်ပါက ကုန်ထုတ်လုပ်မှုစရိတ်မြင့်သင့်တင့်သင့်သော ဈေးနှုန်းဖြင့် ရောင်းချကြမည်ဖြစ်သည်။ ရောင်းကုန်အရေအတွက်နည်းသော်လည်း အလုပ်ဖြစ်အောင်ထုတ်လုပ်ကြမည်ဖြစ်သည်။ ယခုအခါ နိုင်ငံနှင့်ပြည်သူအတွက် အကျိုးနည်းသော ကုန်ပစ္စည်းများကို ဝေဖန်ထောက်ပြလာကြသည်။ အထူးသဖြင့် ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုအကျိုးစီးပွားကို အနည်းနှင့်အများထိခိုက်နိုင်သည့် ကုန်ပစ္စည်းများကို ထုတ်ဖော်နေကြသည်။

ဒီဇင်ဘာ ၁၈ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပြုလုပ်သော အထူးကုန်စည်ခွန်ဥပဒေကြမ်း၌ ပါဝင်သည့် အရက်နှင့်စီးကရက်များအပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံရန် ဆွေးနွေးခဲ့ကြသည်ကိုတွေ့ရသည်။ စီးကရက်နှင့် အရက်များအပေါ်တွင် စည်းကြပ်နေသည့် အခွန်နှုန်းထားများသည် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနိမ့်ကျနေသည့်အတွက် အခွန်တိုးမြှင့်ကောက်ခံရန် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

စီးကရက်အမျိုးမျိုးနှင့် အရက်အမျိုးမျိုးအပေါ် အခွန်စည်းကြပ်ရာတွင် တန်ဖိုးအပေါ်မူတည်၍ ကောက်ခံသည့်စနစ်အစား အရေအတွက်အပေါ်မူတည်ကာ ကောက်ခံသည့်စနစ်မှာ ကောင်းမွန်ကြောင်း သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထိုကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်ရာ၌ နိုင်ငံအတွက်အခွန်ဘဏ္ဍာရရှိရေးသာမက ပြည်သူများ၏ အကျိုးစီးပွားအတွက် ဦးတည်ဆောင်ရွက်ရန်လိုအပ်ကြောင်း ထောက်ပြခဲ့ကြသည်။ ပြည်သူအတွက် အကျိုးမများသော ကုန်ပစ္စည်းများအတွက် စည်းကြပ်ခွန်တိုးမြှင့်ခြင်းသည် ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားပြီး ကုန်ပစ္စည်းတန်ဖိုးမြင့်စေသောကြောင့် ပြည်သူလူထု သုံးစွဲမှုလျော့ကျစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ လျော်ကန်သင့်မြတ်သည်ဟု ယူဆမိပါသည်။

အရက်နှင့်ဆေးလိပ်အန္တရာယ် ကင်းဝေးစေရန်ဆောင်ရွက်ရာတွင် ထိုကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သည့် အခွန်နှုန်းထားများကို မြင့်မားစွာသတ်မှတ်ဖို့လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အရက်နှင့်ဆေးလိပ်များ၏တန်ဖိုးမှာ ဈေးချိုလှသည်။ ဈေးပေါသော ထိုသောက်သုံးကုန်များအား ပြည်သူလူထုလွယ်ကူသက်သာစွာ သုံးစွဲနိုင်သောကြောင့် အကျိုးရလဒ်အနေဖြင့် ပြည်သူများ ကျန်းမာရေးထိခိုက်မှုနှင့် အသက်သေဆုံးမှုမြင့်တက်လာသည်ကို ကျန်းမာရေးစစ်တမ်းများအရ သိရှိရသည်။

အဆိုပါကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သည့်အခွန်နှုန်းထားများ ပြောင်းလဲသည်ဖြစ်စေ၊ မပြောင်းလဲသည်ဖြစ်စေ ထိုကုန်ပစ္စည်းထုတ်လုပ်သူများ၊ တင်သွင်းသူများအနေဖြင့် နိုင်ငံနှင့်ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုခြင်းမရှိဘဲ ဆက်လက်ထုတ်လုပ်နေကြဦးမည်ဖြစ်သည်။ အခွန်ငွေစည်းကြပ်မှုတိုးမြှင့်ခြင်းဖြင့် ထုတ်ကုန်ပစ္စည်းလျော့ကျနိုင်ပြီး တိုင်းပြည်အတွက် အခွန်ဘဏ္ဍာငွေလျော့နည်းခြင်းမရှိသည့်အပြင် ပြည်သူလူထုသောက်သုံးမှုလျော့ကျစေနိုင်သည်။

ထို့ကြောင့် နိုင်ငံနှင့်ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှု၍ အရက်နှင့် စီးကရက်အမျိုးမျိုး ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းတို့အပေါ်တွင် စည်းကြပ်ခွန်များတိုးမြှင့်သင့်သည်ဟု ကြေးမုံကရှုမြင်ပါသည်။ ။

တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်ပရိဝုဏ်အား ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံဧရိယာအဖြစ် သတ်မှတ်

မန္တလေး ဒီဇင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စုရှိ တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော် တည်ရှိရာ ပရိဝုဏ်ကို ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် (Ancient Mounmental Zone) အဖြစ် ဒီဇင်ဘာ ၁၁ ရက်တွင် အတည်ပြု သတ်မှတ်လိုက်ကြောင်း သိရသည်။

အဆိုပါစေတီတည်ရှိရာ ပရိဝုဏ်ကို ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ယဉ်ကျေးမှုဝန်ကြီးဌာန အမိန့်ကြေညာစာအမှတ် ၁၁၇/ ၂၀၁၅ ဖြင့် အတည်ပြု သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"သက်ဆိုင်ရာ သံယာတော်တွေ၊ ဂေါပကအဖွဲ့တွေနဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေအားလုံးရဲ့ သဘောတူညီမှုရရှိခဲ့ပါတယ်။ ဒီလိုအတည်ပြု သတ်မှတ်နိုင်တဲ့အတွက် ပြုပြင်ထိန်းသိမ်းမှုတွေ ပိုပြီးလုပ်ဆောင်သွားနိုင်မှာပါ" ဟု ၎င်းကပြောသည်။

တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်ကြီးသည် ပုဂံခေတ်ဦးက ပန်းလောင်မြစ်ရိုးတစ်လျှောက် အနော်ရထာမင်းကြီးတည်ထားပူဇော်ခဲ့သော ဂူကြီးကိုးလုံးအနက် တစ်လုံးအပါအဝင်ဖြစ်ပြီး ပုဂံခေတ်နှောင်း(၁၂ရာစုနောက်ပိုင်း)လောက်တွင် နရပတိစည်သူမင်းကြီးက မူလစေတီတော်ပုံအထွတ်တင်တစ်ထပ်ဂူဘုရားငယ်ကို ကွမ်းတောင်ပေါက် နှစ်ထပ်ဂူဘုရားအဖြစ် အသွင်ပြောင်းလဲ ပြုပြင်တည်ထားကိုးကွယ်ခဲ့သည်။ ထို့အပြင် ပင်းယခေတ် အေဒီ ၁၃၂၂ (သက္ကရာဇ် ၆၈၄) ဥစ္စနာမင်းကြီး လက်ထက်တော်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်တို့ကို ထပ်မံလွှမ်းငုံ၍ အသစ်တည်ထားခဲ့သော စေတီတော်ကြီးတစ်ခုဖြစ်ပြီး နှစ်ကာလ

ကြာမြင့်မှုကြောင့် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှု ကင်းကွာခဲ့သည်။ သဘာဝရာသီဥတု ဘေးဒဏ်ကြောင့် ဆွေးမြည့်ပြိုကျပျက်စီး၍ အုတ်ပုံကြီးဘဝသို့ရောက်ရှိကာ စေတီတော်ကြီးနှင့်အတူ ၁၃ ဒသမ ၆၂ ဧကရှိ ဘုရားကုန်းတော်မြေ တစ်ခုလုံး ချုံနွယ်များ ဖုံးလွှမ်းခဲ့ရသည်။ ၁၉၉၀ ခုနှစ်တွင် ၎င်းပရိဝုဏ်အတွင်း သီတင်းသုံးနေတော်မူသော အရှင်စန္ဒောဘာသဆရာတော်က ချုံနွယ်များရှင်းလင်းရာမှ စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဆရာတော်ကြီးများ၏ လမ်းညွှန်ဦးဆောင်မှုကို ခံယူကာ ဒေသခံရွာသူရွာသားများမှ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ဖွား)

O

ကိုရီးယား-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် ကုမ္ပဏီများကို ထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော ကိုရီးယားကုမ္ပဏီများသည် ပြည်တွင်းလူမှုအထောက်အကူပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း(MOTIE-MNPED-CSR) ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ Novotel ဟိုတယ် ပုသိမ်ခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်ညပိုင်းက ကျင်းပရာ IBK Bank နှင့် Samsung Electronics တို့မှ ဆုများအသီးသီးရရှိခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော ကိုရီးယားကုမ္ပဏီများအား လူမှုအထောက်အကူပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်၍ ကူညီထောက်ပံ့မှုလုပ်ငန်းများအား အဆင့်မြှင့်တင်လာကြစေရန်နှင့် ကိုရီးယား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးပွားလာစေရန် ရည်ရွယ်၍ အဆိုပါအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ CSR နဲ့ပတ်သက်လာရင် ကျွန်တော်တို့ တိုင်းပြည်အတွက် ဘယ်သူကဘယ်လောက် အကျိုးပြုလုပ်ငန်းတွေကို လုပ်ပေးနိုင်ခဲ့လဲ။ ဒါတွေကို နှစ်နိုင်ငံဝန်ကြီးဌာနတွေက စောင့်ကြည့်ပြီး အခုလိုအကဲဖြတ်ရွေးချယ်ပေးခဲ့တာပါ။ အခုဆိုရင် မြန်မာနိုင်ငံမှာ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်နေတဲ့ ကုမ္ပဏီတွေအများကြီးရှိပါတယ်။ သူတို့ရရှိတဲ့ အသားတင်အမြတ် အနည်းဆုံး တစ်ရာခိုင်နှုန်းကို လူမှုအကျိုးပြုလုပ်ငန်းတွေမှာသုံးဖို့ နိုင်ငံတော်က တိုက်တွန်းအားပေးနေချိန်မှာ အခုပွဲက အထောက်အကူအများကြီး ရရှိစေပါတယ်။ ဒီလိုလုပ်ပေးခြင်းဖြင့် တခြားနိုင်ငံတွေကလည်း အလားတူနမူနာယူပြီးတော့ ဆက်လက်ဆောင်ရွက်သွားကြမယ်လို့လည်း ယုံကြည်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးကပြောသည်။

၂၀၁၅ ခုနှစ်အတွက် လူမှုအကျိုးပြုလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်း ထူးချွန်ဆုရ Samsung Electronics မှ Marketing မန်နေဂျာ ကိုကျော်စွာလင်းက "ပညာရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ၊ လူထုအကျိုးပြုလုပ်ငန်းတွေ၊ ရေဘေးနဲ့ ပတ်သက်တဲ့ ကူညီထောက်ပံ့မှုလုပ်ငန်းတွေကို အမေရိကန်ဒေါ်လာ တစ်သန်းခန့် အကုန်အကျခံဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုလို ဆုရရှိတဲ့အတွက်လည်း ကျွန်တော်တို့အလွန်ဝမ်းသာမိပါတယ်" ဟု ပြောသည်။

၂၀၁၅ ခုနှစ်အတွက် လူမှုအကျိုးပြုလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်း ထူးချွန်ဆုရ IBK Bank မှ Mr.Lee, Jeung Hwan က "လူမှုအကျိုးပြုလုပ်ငန်းတွေအတွက် ပရောဂျက်တွေ၊ ပရဟိတလုပ်ငန်းတွေအတွက် ကူညီထောက်ပံ့မှုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ခုလိုမျိုး IBK လုပ်ဆောင်ပေးနေတာကို ကိုရီးယားက လုပ်ငန်းရှင်တွေသိသွားတဲ့အခါ မြန်မာနိုင်ငံအတွက် လိုအပ်တဲ့ လူမှုရေးလုပ်ငန်းတွေမှာ ဆောင်ရွက်စေချင်တာကြောင့်ပါ။ ဆက်လက်ပြီးလည်း အကျိုးပြုလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ"ဟု ပြောသည်။

အဆိုပါ အခမ်းအနားကို ကိုရီးယား-မြန်မာနှစ်နိုင်ငံပူးပေါင်း၍ ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုငွေပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံဖြင့် အဆင့် ၆ နေရာတွင် ရပ်တည်ကာ စာရင်းသွင်းထားသည့် ကုမ္ပဏီပေါင်း ၂၀၀ ခန့်နှင့် စာရင်းမသွင်းထားသည့် ကုမ္ပဏီပေါင်း ၁၈၀ ခန့်ရှိကြောင်း သိရသည်။

(ခင်ဇာလီ)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးရန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးမန္တာမြင့်၊ သီသီမင်း
အဝယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ ဘေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

စစ်တက္ကသိုလ်တွင် ပညာသင်ကြားပေးခဲ့သည့် စစ်ဘက်၊ နယ်ဘက် ဆရာကြီး၊ ဆရာမကြီးများ အာစရိယပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

စစ်တက္ကသိုလ်တွင် စာပေပညာ၊ စစ်ပညာသင်ကြားပေးခဲ့သည့် စစ်ဘက်၊ နယ်ဘက် ဆရာကြီး၊ ဆရာမကြီးများအား စစ်တက္ကသိုလ်ပိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉)တို့၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပို့)**

အဆိုပါအခမ်းအနားကို စစ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်ဘက်၊ နယ်ဘက်ဆရာကြီး၊ ဆရာမကြီး ၁၀၉ ဦး တက်ရောက်ကန်တော့ခံခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားကျောင်းဆင်းအရာရှိ ၂၅၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆင်းအရာရှိများကိုယ်စား ဦးတင်ဝင်းက အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ ကန်တော့ပန်းဆင်သဝတ်လွှာကို ဦးသန်းဆွေကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှူးကြီးမင်းအောင်လှိုင်၏ ကန်တော့ပန်းဆင်သဝတ်လွှာကို ဦးအေးသော်ကလည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်သည့် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ကျောင်းဆင်းအရာရှိများက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ(အငြိမ်းစား)က ဩဝါဒစကား ချီးမြှင့်ပြောကြားရာတွင် ပြည်သူတို့၏မူလအခွင့်အရေးများဖြစ်သည့် လွတ်လပ်ခြင်း၊ မျှတခြင်း၊ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်း စသည်တို့ကို ကာကွယ်စောင့်ထိန်းခဲ့သည့် တပ်မတော်၏ ကောင်းမြတ်သောအစဉ်အလာတို့ကို စဉ်ဆက်မပြတ် ဆက်လက်ပြီးကာကွယ်စောင့်ထိန်းရန် ပြည်တွင်းပြည်ပအန္တရာယ်များကို ထိထိရောက်ရောက် တားဆီးကာကွယ်တွန်းလှန်နိုင်စေရန် တပ်မတော်ကို နိုင်ငံတကာတပ်မတော်များ၏ အဆင့်အတန်းနှင့်အညီ ခေတ်မီတိုးတက်တောင့်တင်းခိုင်မာသော တပ်မတော်အဖြစ် တည်ဆောက်ရန်၊ ယင်းမှာလည်း ကျူးကျော်တိုက်ခိုက်မှုအတွက် စစ်ပြင်ဆင်ခြင်းမဟုတ်ဘဲ မိမိတိုင်းပြည်၊ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်နိုင်ရန် ပြင်ဆင်ခြင်း၊ အဆိုးဆုံးအခြေအနေကို မျှော်မှန်းပြီး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားရန် တိုက်တွန်းခြင်းသာဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ ဂါရဝပြုပစ္စည်းများကို ဆရာကြီး၊ ဆရာမကြီးများထံ သင်တန်းအမှတ်စဉ်အလိုက် ကျောင်းဆင်းအရာရှိများက ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှူးကြီးမင်းအောင်လှိုင်က ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးဂါရဝပြုနှုတ်ဆက်သည်။

ဆက်လက်၍ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့်အတူ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်အလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကျောင်းဆင်းအရာရှိများက တက်ရောက်လာကြသော ဆရာကြီး၊ ဆရာမကြီးများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

(မြဝတီ)

မြကျွန်းသာအပန်းဖြေဥယျာဉ်အတွင်း စည်းကမ်းနှင့်မညီသည့် အဆောက်အအုံဆောက်လုပ်မှု တားဆီးသွားမည်ဟု ကော်မတီဝင် ဦးခင်လှိုင် ပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၉

မြကျွန်းသာအပန်းဖြေဥယျာဉ်အတွင်း စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်သည့် ကုမ္ပဏီနှစ်ခု၏ အဆောက်အအုံဆောက်လုပ်နေမှုကို လက်ရှိအစိုးရလက်ထက်တွင် တားဆီးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၇) ဦးခင်လှိုင်က ပြောသည်။

"စာချုပ်တွေအရ ဒီအစိုးရလက်ထက်မှာ တားထားရမယ်။ လွန်သွားရင်မရဘူး။ အဆောက်အအုံအမြင့်ကြီးတွေ ဆောက်မယ်ဆိုရင် ပန်းခြံနဲ့မတူဘဲ စီးပွားရေးသီးခြားလုပ်တဲ့ လုပ်ငန်းကြီးဖြစ်လာပြီး အဓိကရည်ရွယ်ချက် ပျောက်သွားလိမ့်မယ်" ဟု ၎င်းကပြောသည်။

မြကျွန်းသာအပန်းဖြေဥယျာဉ်သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းမပေါ်တွင်တည်ရှိကာ ခေတ်မီပြီး သန့်ရှင်းလှပသော အပန်းဖြေဥယျာဉ်ကြီးအဖြစ် အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ကုမ္ပဏီရှစ်ခုတို့ မြေငှားရမ်းစာချုပ်ကို ၂၀၁၃ ခုနှစ် ဧပြီ ၁၀ ရက်တွင် ချုပ်ဆိုခဲ့သည်။

မြကျွန်းသာ အပန်းဖြေဥယျာဉ်ကို တစ်လလျှင် တစ်ဧက ၁၀ သိန်းနှုန်းဖြင့် နှစ် ၆၀ ငှားရမ်းခဲ့ပြီး Inya Palace ကုမ္ပဏီက ၁ ဒသမ ၈၃ ဧက၊ Magic Land ကုမ္ပဏီက ၁၃ ဒသမ ၈၆၄၃ ဧက၊ Ryuji ကုမ္ပဏီက ၁ ဒသမ ၃၇၇ဧက၊ Nay la Pwint ကုမ္ပဏီက ၂ ဒသမ ၅၀၆ ဧက၊ Edin ကုမ္ပဏီက ၄ ဒသမ ၇၂၉ ဧက၊ Good Shan Brother ကုမ္ပဏီက ၇ ဒသမ ၇၈၉ ဧက၊ Myanmar Golden Star ကုမ္ပဏီက ၂ ဒသမ ၃ ဧကနှင့် Max Myanmar ကုမ္ပဏီက ၆ ဒသမ ၈၆၅ ဧက အသီးသီးလုပ်ပိုင်ခွင့်ရရှိခဲ့ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ကုမ္ပဏီများ မြေငှားရမ်းခြင်းကတိစာချုပ်တွင် မြကျွန်းသာ အပန်းဖြေဥယျာဉ်ကို နိုင်ငံတကာအဆင့်မီ သဘာဝဥယျာဉ်ကြီး (Natural Park) အသွင်သဏ္ဌာန်ဖြစ်စေပြီး အများပြည်သူအပန်းဖြေနိုင်သည့် Recreation Centre ဖြစ်ရန် အများပြည်သူများ လွတ်လပ်စွာ အနားယူနိုင်မည့် Relaxation Centre ဖြစ်ရန် ရည်ရွယ်ပြီး ငှားရမ်းခဲ့ကြောင်း သိရသည်။

"တစ်ဧက ၁၀ သိန်းက တအားနည်းနေတယ်။ ကမ္ဘာအေးစေတီလမ်းတစ်လျှောက်မှာ ၁၅ ပေ၊ ပေ ၅၀ မြေညီထပ်အခန်းတောင် ငှားရင် သိန်း ၂၀ ဝန်းကျင် ပေါက်နေတယ်။ တန်ဖိုးကိုလည်း ပြန်စိစစ်ဖို့လိုတယ်။ သက်တမ်းကလည်း လူ့သက်တမ်း တစ်ခုလောက်ရှိတဲ့ နှစ် ၆၀ ဆိုတာ အလွန်များတယ်" ဟု ဦးခင်လှိုင်က သုံးသပ်သည်။

"တကယ်တမ်း ခေတ်နဲ့ လျော်ညီတဲ့ ဟာမျိုးဖြစ်သင့်တာပေါ့။ မြန်မာနိုင်ငံမှာက ငှားလို့ရတဲ့အခွင့်အခတွေက သူများနိုင်ငံတွေထက် တအားနည်းတယ်။ ဒီအခွင့်အခတွေ ဆိုတာကလည်း အစိုးရအနေနဲ့ အများပြည်သူအတွက် ပြန်သုံးရတာ။ ရသင့်ရထိုက်တဲ့ဟာတွေက ခေတ်နဲ့ လျော်ညီရင်ကောင်းတာပေါ့" ဟု စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်က ဆိုသည်။

"အဆောက်အအုံက ပေါ့ပေါ့ပါးပါး ဆောက်လို့ရတယ်။ အခုလို အခိုင်အမာကြီး လုပ်စရာမလိုဘူး။ နိုင်ငံတကာမှာလည်း အများပြည်သူ အပန်းဖြေတဲ့နေရာတွေမှာ အဆောက်အအုံ အမြင့်ကြီးတွေ မရှိဘူး။ ဒီနေရာက အစွန်အဖျားလည်းမဟုတ်ဘူး။ ရန်ကုန်မြို့ရဲ့ အဓိကကျတဲ့နေရာဖြစ်တယ်" ဟု ဦးခင်လှိုင်က ပြောသည်။

မြကျွန်းသာအပန်းဖြေဥယျာဉ်အတွင်း အများပြည်သူအပန်းဖြေခန်းဖြစ်ရန် ကုမ္ပဏီရှစ်ခုက ဆောင်ရွက်မည်ဆိုပါက ဒီဇိုင်းပုံစံကွဲလွဲနိုင်သော်လည်း စာချုပ်ပါရည်ရွယ်ချက်သုံးချက်နှင့်အညီ ဆောက်လုပ်ရမည်ဟု ၎င်းက ပြောသည်။

"အနောက်နိုင်ငံမှာတော့ လူစွမ်းအား အရင်းအမြစ်ကို ရှေ့တန်းတင်လာပြီး အဓိက လူတွေရဲ့ ကျန်းမာရေးပါ။ လူတွေရဲ့ ကျန်းမာရေးကို ပြန်ပြီးလေ့လာဆန်းစစ်တဲ့အခါ အချိန်ပိုတွေလုပ်ရတဲ့အတွက် ပင်ပန်းမှုတွေများလာတယ်။ ဒါကို ဖြေဖျောက်ဖို့ဆိုရင် သာယာတဲ့ပတ်ဝန်းကျင်၊ သန့်ရှင်းတဲ့ ပတ်ဝန်းကျင်လိုတယ်။ ကန်တော်ကြီးဆိုရေအနှံ့က မကောင်းတော့ဘူး။ အဲဒါမျိုးတွေကို ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပြရမယ်" ဟု မြန်မာ့အစိမ်းရောင်ကွန်ရက်မှ ဒေါ်ဒေဝီသန့်စင်က ပြောသည်။

"အဆောက်အအုံတွေ ဆောက်ရင် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်မှာပဲ။ အထူးသဖြင့် စားသောက်ဆိုင်တွေက စွန့်ပစ်ပစ္စည်းပြဿနာ အရေးကြီးတယ်။ ရန်ကုန်မြို့မှာ အင်းလျားကန်ဆိုတာ အလွန်နာမည်ကြီး လူသိများတဲ့ Trademark တစ်ခုပါ။ သမိုင်းတန်ဖိုးရှိတဲ့ နေရာဆိုတာ နိုင်ငံတကာမှာ ထိန်းသိမ်းရတာပဲ။ အဲဒီလိုနေရာမျိုးတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းမလုပ်ကြပါဘူး။ စားသောက်ဆိုင်တွေ ဆောက်တယ်။ အဆောက်အအုံတွေ ဆောက်တယ်ဆိုတာ ဖွံ့ဖြိုးရေးနဲ့ ပတ်သက်တာပေါ့" ဟု မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က ပြောသည်။

မြကျွန်းသာအပန်းဖြေဥယျာဉ်အတွင်း ကုမ္ပဏီအချို့က စည်းကမ်းချက်နှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံများဆောက်လုပ်နေမှုနှင့်စပ်လျဉ်း၍ ပြီးခဲ့သည့် ခြောက်လခန့်က သတင်းမီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာတို့တွင် အကျယ်တဝင့်ဖော်ပြခဲ့ရာ ဒေသခံပြည်သူများကြားတွင် ကန့်ကွက်ဝေဖန်မှုများ ဖြစ်ပေါ်ခဲ့သည်။

ယခုလက်ရှိ နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ကော်မတီဝင်(၇) ဦးခင်လှိုင်က "အင်းလျားကန်နဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ခြောက်လလောက်က တိုင်ကြားစာတွေရှိတဲ့ အတွက် ကျွန်တော်နဲ့ ကော်မတီဝင်(၉)တို့ သွားပြီး လုပ်ငန်းရပ်ဆိုင်းဖို့သွားပြောတယ်။ လုပ်ငန်းတွေ ရပ်ဆိုင်းသွားတယ်။ အပြင်ကဟာတွေ ရပ်ဆိုင်းသွားပြီး အတွင်းကလုပ်ငန်း လုပ်နေတယ်ဆိုတာ သိရတယ်။ ဒါကို ဆင်းစစ်ပြီး ဆက်လက်ရပ်ခိုင်းမှာဖြစ်ပါတယ်။ ဘာကြောင့်ရပ်ခိုင်းလဲဆိုရင် အခုဆောက်ထားတဲ့ ကုမ္ပဏီတွေက အင်းလျားကန်ရေပြင်နဲ့ ပေ ၅၀ အကွာမှာ ဆောက်ထားတယ်။ အထပ်ကလည်း ခြောက်ထပ်အထက်မှာရှိထားတယ်။ ဒါကြီးက မလျော်ကန်ဘူးဆိုပြီး ပြောထားတယ်။ အင်းလျားကန်ရေပြင်ထဲမှာလည်း ဆိုင်တွေကျူးပြီး လုပ်ထားတယ်" ဟု ဦးခင်လှိုင်က ပြောသည်။

မြကျွန်းသာ အပန်းဖြေဥယျာဉ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ကုမ္ပဏီများ မြေငှားရမ်းခြင်း ကတိစာချုပ်တွင် စာချုပ်ပါတာဝန်များပျက်ကွက်ခြင်းနှင့် စည်းကမ်းလိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက စာချုပ်ပျက်ပြယ်ကြောင်း ဖော်ပြထားသည်။

မင်းသစ်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မြောက်ဦး ဒီဇင်ဘာ ၁၉

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် အထောက်အကူဖြစ်စေရန် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် မြစ်မ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရန် ကျေးရွာ ၃၁ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယင်းကျေးရွာများသို့ ဒီဇင်ဘာ ၁၇ ရက်က မြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးရွှေကျော်ဦးနှင့် ဌာနရှိ အင်ဂျင်နီယာများက ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(၅၂၂)**

ထူးခြားသည့်ညအပူချိန်များ

ဖလမ်း	၇ ဒီဂရီစင်တီဂရိတ်
ပူတာအို	၈ ဒီဂရီစင်တီဂရိတ်
နောင်ချို	၈ ဒီဂရီစင်တီဂရိတ်
မိုးမိတ်	၈ ဒီဂရီစင်တီဂရိတ်
ဟားခါး	၈ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၈ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်များ

ပလက်ဝ	သုည ဒသမ ၄၇ လက်မ
ကျိုင်းတုံ	သုည ဒသမ ၄၃ လက်မ
မောင်တော	သုည ဒသမ ၄၀ လက်မ
မြစ်ကြီးနား	သုည ဒသမ ၃၅ လက်မ
တောင်ကြီး	သုည ဒသမ ၂၀ လက်မ

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆီးရီးယားငြိမ်းချမ်းရေးဆောင်ရွက်ချက်ကို ထောက်ခံ

နယူးယောက် ဒီဇင်ဘာ ၁၉

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများက ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပွားနေသော စစ်ပွဲများအား ရပ်တန့်ပစ်ရန် ငြိမ်းချမ်းရေးဆောင်ရွက်ချက်ကို နယူးယောက်မြို့၌ ယနေ့ကျင်းပခဲ့သော လုံခြုံရေးကောင်စီအစည်းအဝေးတွင် တစ်ခဲနက် ထောက်ခံခဲ့ကြကြောင်း သတင်းများအရသိရသည်။

လေးနှစ်ကျော်ကြာညောင်းခဲ့ပြီဖြစ်သည့် စစ်ပွဲများအား ရပ်တန့်ပစ်ရန် လွန်ခဲ့သောလက ဗီယင်နာမြို့၌ ကျင်းပခဲ့သော အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ငြိမ်းချမ်းရေးဆောင်ရွက်ချက် အစီအစဉ်တစ်ရပ်အပေါ် အခြေခံပြီး ကုလလုံခြုံရေးအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလအစောပိုင်းတွင် ဆီးရီးယားအစိုးရအဖွဲ့နှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ရန် စီစဉ်ထားမှုကို ယခုအစည်းအဝေးက ထောက်ခံအားပေးခဲ့ကြောင်းသိရသည်။

ငြိမ်းချမ်းရေးဆောင်ရွက်ချက် အစီအစဉ်တွင် ခြောက်လအတွင်း အစိုးရပြောင်းလဲဖွဲ့စည်းနိုင်ရမည့်အပြင် ၁၈ လအတွင်း ကုလသမဂ္ဂအဖွဲ့၏ကြီးကြပ်မှုအောက်တွင် ရွေးကောက်ပွဲများ ကျင်းပရမည်ဟု ပါရှိသည်။

အစည်းအဝေးဆုံးဖြတ်ချက်သည် အပစ်အခတ်ရပ်စဲရေးကိုတောင်းဆိုခဲ့သည့်အပြင် စစ်ဘေးရှောင်ဆီးရီးယားဒုက္ခသည်များကို နေရပ်ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ထပ်လောင်းထောက်ခံခဲ့သည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား အမေရိကန်က ဆန့်ကျင်ပြီး ရုရှားက ထောက်ခံသည်။ သို့သော် ဆီးရီးယားဒုက္ခသည်များအရေးအပါအဝင် အိုင်အက်စ်စစ်သွေးကြွများ၏ အကြမ်းဖက်မှုများကို တိုက်ဖျက်ရာတွင် နှစ်နိုင်ငံအနေဖြင့် အခြေခံသဘောထားခြင်း တူညီကြသည်ကို တွေ့ရှိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲများ ရပ်တန့်ချိန်တန်ပြီဟု စာထဲတွင် ရေးသားကာ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ စာဖြင့် အသိပေးခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဆိုသည်။

အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြင့်တင်ကြရန် သက်ဆိုင်ရာနိုင်ငံများကို ဂျွန်ကယ်ရီက တိုက်တွန်းပြောကြားခဲ့သည်။

အင်နိုအိတ်ချ်ကေ။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ခရစ္စမတ်အကြိုခရီးအဖြစ် အာဖဂန်သို့သွားရောက်

ကာဘူး ဒီဇင်ဘာ ၁၉

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်(ရ)တန်ကာတာသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များထံ ခရစ္စမတ်ကာလ အကြို အလည်အပတ်ခရီးအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် ရောက်ရှိခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ကာတာသည် ဒီဇင်ဘာ ၁၈ ရက် နံနက်အစောပိုင်းတွင် အာဖဂန်နစ္စတန်သို့ ရောက်ရှိလာကြောင်း သတင်းရင်းမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ကာတာသည် ၎င်း၏ ခရစ္စမတ်အကြို ခရီးစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်တပ်ဖွဲ့များမှ တပ်မှူးများနှင့် တွေ့ဆုံမည်ဖြစ်ပြီး အာဖဂန်အစိုးရ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဟု အမည်ဖော်ပြခြင်းမရှိသည့် သတင်းရင်းမြစ်က ပြောကြားသည်။

အမေရိကန်နှင့် နေတိုးမဟာမိတ်တပ်ဖွဲ့များက ဦးဆောင်သည့် တပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ စစ်ရေးအရ တိုက်ခိုက်မှုများကို ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အဆုံးသတ်ခဲ့ပြီးဖြစ်သည်။

သို့သော် ယင်းမဟာမိတ်တပ်ဖွဲ့များက အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးခြင်း၊ အကြံပေးခြင်းနှင့် လိုအပ်သည်များ ထောက်ပံ့ပေးအပ်ခြင်းများကို ဇန်နဝါရီ ၁ ရက်မှစ၍ ပြုလုပ်ပေးလျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ လတ်တလောကာလတွင် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၆၈၀၀ အပါအဝင် နေတိုးအဖွဲ့မှ တပ်ဖွဲ့ဝင်အင်အား ၁၃၀၀၀ နီးပါး တပ်စွဲနေထိုင်ပြီး အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့များအား ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ။

နိုင်ငံအရှေ့တောင်ပိုင်းဒေသ၌ ဆင်နွဲသော ထိုးစစ်အတွင်း ကာ့ဒ်စစ်သွေးကြွ ၆၉ ဦးအား တူရကီချေမှုန်း

အန်ကာရာ ဒီဇင်ဘာ ၁၉

တူရကီအစိုးရတပ်ဖွဲ့များသည် နိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် လေးရက်ကြာ ထိုးစစ်ဆင်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ)မှ လက်နက်ကိုင်စစ်သွေးကြွ ၆၉ ဦးအား သတ်ဖြတ်ချေမှုန်းနိုင်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုများအတွင်း တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း တူရကီစစ်ဘက်က ယနေ့ ပြောကြားသည်။

တူရကီနိုင်ငံအရှေ့တောင်ပိုင်းရှိ ကာ့ဒ်စစ်သွေးကြွများ၏အခြေစိုက်စခန်း ဒိုယာကာကီဟာနှင့် အီရတ်နိုင်ငံမြောက်ပိုင်းရှိ ပီကေကေအဖွဲ့၏ အခြေစိုက်စခန်းများအား တူရကီအစိုးရလေတပ်က ပုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုများကြောင့် ကာ့ဒ်စစ်သွေးကြွ လက်နက်ကိုင်အဖွဲ့၏လူနေအဆောက်အအုံများနှင့် လက်နက်သိုလှောင်ရာနေရာများအား ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တူရကီအစိုးရတပ်ဖွဲ့များနှင့် ကာ့ဒ်လက်နက်ကိုင်စစ်သွေးကြွများ အကြား ရရှိထားသော နှစ်နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမှ ယခုနှစ် ဇူလိုင်လအတွင်း ပျက်ပြားသွားခဲ့သည်။

ကာ့ဒ်လူမျိုးစုများ အဓိကနေထိုင်သည့် တူရကီနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ ဆယ်စုနှစ်သုံးခုကြာ ဖြစ်ပွားနေခဲ့ရာ ယင်းဖြစ်ရပ်ကြောင့် ပြည်သူ ၄၀၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

ဆင်ဟွာ။

လာမည့်နှစ်တွင် ဥရောပနိုင်ငံများသို့ ဒုက္ခသည်ဝင်ရောက်မှု ထိန်းချုပ်ကန့်သတ်မည်

ဘရပ်ဆဲ ဒီဇင်ဘာ ၁၉

၂၀၁၆ ခုနှစ် ဇွန်လကုန်တွင် စစ်ဘေးရှောင်ဒုက္ခသည်များ ဝင်ရောက်မှုကို ထိန်းချုပ်ကန့်သတ်သည့်အနေဖြင့် ဥရောပနိုင်ငံများ၏ နယ်စပ်ဂိတ်များအား တင်းကျပ်မည့် အစီအစဉ်တစ်ရပ်ကို ဥရောပသမဂ္ဂခေါင်းဆောင်များက သဘောတူညီခဲ့ကြောင်း သတင်းများအရ သိရသည်။

ဥရောပခေါင်းဆောင်များက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့တွင်ကျင်းပသည့် ဥရောပခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် အထက်ပါကိစ္စရပ်ကို သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ဥရောပနိုင်ငံများသို့ရောက်ရှိခဲ့သည့် စစ်ဘေးရှောင်ဒုက္ခသည်ဝင်ရောက်မှုအရေအတွက်သည် တစ်သန်းနီးပါးခန့်ရှိသည်။ ဥရောပနိုင်ငံများ၏ နယ်စပ်များတွင် လုံခြုံရေးအရေအတွက်ပိုမိုတိုးမြှင့်ချထားခြင်းနှင့် တင်းကျပ်သောစစ်ဆေးမှုများလုပ်ဆောင်ခြင်းဖြင့် နယ်စပ်ဂိတ်တံခါးများမှ ဒုက္ခသည် ဝင်ရောက်မှုကို ကန့်သတ်ထားနိုင်မည်ဖြစ်ကြောင်း ခေါင်းဆောင်များက ပြောကြားခဲ့ကြသည်။

ဥရောပနိုင်ငံများအနေဖြင့် ဒုက္ခသည်များနှင့်စပ်လျဉ်းပြီး စိန်ခေါ်မှုများစွာရှိခဲ့သည်။ စက်တင်ဘာလတွင် ဥရောပနိုင်ငံများအနေဖြင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ထောင်ပေါင်းများစွာရှိသည့်အနက် လူ ၂၀၀ ခန့်သာ ခွင့်ပြုခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုများမြင့်တက်လာမှုကြောင့် ဥရောပနိုင်ငံအချို့က နယ်စပ်ဖြတ်ကျော်စစ်ဆေးမှုများကို ပြန်လည်လုပ်ဆောင်ခဲ့ကြရသည်။

လာမည့်နှစ် ဇွန်လမတိုင်မီ ဒုက္ခသည်များစီးဝင်လာမှုကို ဥရောပခေါင်းဆောင်များက အတူတကွ ရင်ဆိုင်ကြမည်ဖြစ်ပြီး စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

အင်နိုအိတ်ချ်ကေ။

✪ ရှေ့ဖုံးမှ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဗဟိုစီးပွားရေးဇုန်တစ်ခုချင်းအလိုက် အမြန်ပြီးစီးပြီး စနစ်တကျဖွင့်လှစ်နိုင်ရန် လိုအပ်ကြောင်း၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ အနေဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးကို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မူဆယ်မြို့ ညနေခင်းစျေးတန်းကို ယခုထက်ပိုမိုကောင်းမွန်ပြီး စျေးအဂ်ါရပ်များနှင့်အညီ လုံခြုံသန့်ရှင်းစွာ ဖွင့်လှစ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စီးပွားရေးဇုန်အတွင်း ကုန်စည်ပြပွဲအပါအဝင် အခြားထုတ်ကုန်သွင်းကုန်ပြပွဲများ ကျင်းပနိုင်ပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ရှမ်းပြည်နယ်အစိုးရနှင့် နယူးစတားလိုက် ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ၂၀၁၃ ခုနှစ် ဇူလိုင် ၄ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါစီမံကိန်းကို မူဆယ်မြို့အနီး ရွှေလီမြစ်ကမ်းနံဘေးရှိ ဧရိယာ ၂၉၄ ဒသမ ၇၈၉ ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဧရိယာ တစ်ခုလုံး၏ ၃၈ ဒသမ ၄၂ ရာခိုင်နှုန်းကို အပန်းဖြေဥယျာဉ်များ၊ ကစားကွင်းများပါဝင်သည့် အများနှင့်သက်ဆိုင်သောဧရိယာအဖြစ် သတ်မှတ်၍ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ စီမံကိန်းတစ်ခုလုံး၏ အခြေခံအဆောက်အအုံတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီး မင်္ဂလာမူဆယ် လမ်းလျှောက်စျေးဆိုင်များ ၉၇ ရာခိုင်နှုန်း၊ ကျောက်မျက်စျေးအကြမ်းထည်လုပ်ငန်း ၇၀ ရာခိုင်နှုန်းနှင့် ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်တည်ဆောက်ရေးလုပ်ငန်း ၄၈ ရာခိုင်နှုန်းတို့ ပြီးစီးလျက်ရှိသဖြင့် မကြာမီ အပိုင်းလိုက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လာရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြရာ လားရှိုးလေဆိပ်ဧည့်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက လားရှိုးလေဆိပ် တိုးချဲ့ဆောက်လုပ်နေမှု

မူဆယ်ဗဟိုစီးပွားရေးဇုန်ရှိ ဆိုင်ခန်းများတည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လေဆိပ်လုံခြုံရေးကို အလေးထား စီမံဆောင်ရွက်သွားရမည့်အပြင် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် ခွင့်ပြုဘဏ္ဍာငွေဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

လားရှိုးလေဆိပ်ကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပေ (၂၀၀ × ၈၀) တစ်ထပ် သံကူးကွန်ကရစ်လေဆိပ် အဆောက်အအုံသစ်ကို ကုန်ကျစရိတ် ငွေကျပ် သန်း ၅၀၀ ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး မြေသားလုပ်ငန်းနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

❖ ရန်ကုန်တိုင်းမှ

ဆေးရုံကို ၂၅ ခုတင်မှ ခုတင် ၅၀၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဆေးရုံကို ၂၅ ခုတင်မှ ခုတင် ၅၀၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဆေးရုံကို ၂၅ ခုတင်မှ ခုတင် ၅၀၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဆေးရုံကို ၂၅ ခုတင်မှ ခုတင် ၅၀၊ သာကေတမြို့နယ်ဆေးရုံ ခုတင် ၁၀၀ တို့ကို အဆင့်မြှင့်တင် ဆောင်ရွက်နေပြီး မြောက်ပိုင်းခရိုင်တွင် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၅၀၀၊ လှိုင်သာယာမြို့နယ်ဆေးရုံကို ၂၅ ခုတင်မှ ခုတင် ၅၀၊ အနောက်ပိုင်းခရိုင်တွင် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကို ခုတင် ၅၀ မှ ခုတင် ၁၀၀၊ ဗဟိုအမျိုးသမီးဆေးရုံကြီးကို ခုတင် ၈၀၀ မှ ခုတင် ၁၀၀၀၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ခုတင် ၁၅၀၀ မှ ခုတင် ၂၀၀၀ တို့သို့ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့သည်။ တောင်ပိုင်းခရိုင်တွင် သန်လျင်ခရိုင်ပြည်သူ့ဆေးရုံ၊ ကော့မှူးမြို့နယ်ဆေးရုံ၊ ကွမ်းခြံကုန်းမြို့နယ်ဆေးရုံ၊ ဒလမြို့နယ်ဆေးရုံ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ဆေးရုံ၊ ကိုကိုးကျွန်းမြို့နယ်ဆေးရုံတို့ကို ၂၅ ခုတင်မှ ခုတင် ၅၀ သို့ အသီးသီးအဆင့်မြှင့်တင်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ အဓိကအားထားရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ဆေးရုံကြီးများကို အဆင့်မြှင့်တင်မှုများ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပြီး ဝန်ဆောင်မှုများကိုလည်း တိုးမြှင့်ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အစိုးရသစ်လက်ထက်တွင် နှစ်အလိုက် ဘတ်ဂျက်တိုးမြှင့်သုံးစွဲခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနအတွက် ဘဏ္ဍာငွေခွဲဝေပေးခဲ့ရာတွင် ၂၀၁၀-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၈၆၅၈၂ ဒသမ ၈၇၁ သန်းရှိခဲ့ရာမှ ၂၀၁၃-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကျပ်သန်း ၇၅၃၀၀၁ ဒသမ ၃၇၈ သန်း ခွဲဝေချထားပေးခဲ့ရာ ၂၀၁၀-၂၀၁၂ ဘဏ္ဍာရေးနှစ်ထက် ၈ ဒသမ ၇ ဆခန့် ပိုမိုတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ ရန်ပုံငွေများ ပိုမိုခွဲဝေရရှိခဲ့သောကြောင့် အဓိက လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကို ၂၀၁၁ ခုနှစ်ကထက် ၃၅ ဆခန့် တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်းခန့်ဖြစ်ကြောင်း သိရသည်။

အလားတူ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ရန်ပုံငွေတိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများမှ စိုက်ထုတ်ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပြီး ဆက်လက်၍ ရန်ပုံငွေ ပိုမိုခွဲဝေရရှိမှုအပေါ်မူတည်၍ လူနာများ၏ စိုက်ထုတ်ကုန်ကျငွေကို လျှော့ချနိုင်ရေး စီစဉ်ထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားခဲ့သည်။

"ရန်ကုန်ဆေးရုံကြီးကတော့ တော်တော်လေးကို ကောင်းမွန်ပြီး ဝန်ဆောင်မှုနဲ့ သန့်ရှင်းမှုအပိုင်းမှာလည်း အားရစရာ ကောင်းလာတယ်။ ဆေးရုံကြီးက လူတိုင်း အားထားနေရတော့ မြို့ပြင်ကလာတဲ့ လူနာတွေအတွက် ရန်ကုန်မြို့အဝင်တွေမှာ ပြည်သူ့ဆေးရုံကြီးတွေ တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရင် ရန်ကုန်မြို့ထဲအထိ လာစရာ မလိုတော့ဘူးပေါ့။ အဲဒီလိုမျိုး ရန်ကုန်မြို့အဝင်တွေမှာ ဆေးရုံတွေ တိုးချဲ့မယ်လို့ သတင်းထဲမှာတော့ တွေ့လိုက်ရတယ်။ ဆရာဝန်နဲ့လူနာ မမျှသေးတာကတော့ မြန်မာနိုင်ငံမှာ ကြုံနေရဆဲပါပဲ။ တစ်နှစ်ထက်တစ်နှစ်တော့ ပိုကောင်းအောင် လုပ်လာတာလေးတွေ တွေ့ရတော့ နောင်အတွက် ဝမ်းသာမိပါတယ်"ဟု ခရမ်းမြို့နယ်မှ လာရောက်ဆေးကုသမှုခံယူသူ ကျောင်းဆရာတစ်ဦးက မှတ်ချက်ပြုသည်။

ပြီးခဲ့သည့် လေးနှစ်ကျော် ကာလအတွင်း ပြုပြင်ပြောင်းလဲမှုများစွာနှင့် အဆင့်မြှင့်တင်မှုများစွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ပြည်သူလူထုအားလုံး အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်ရေးကို ပြည့်မီစွာ ရရှိနိုင်ရန်မှာ လိုအပ်ချက်များ ရှိနေသေးပြီး ကျွမ်းကျင်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ လူဦးရေနှင့် အချိုးညီမျှစွာရှိရေးနှင့် ဆေးရုံများတွင် လူနာများအား လုံလောက်စွာ ကုသစောင့်ရှောက်နိုင်ရေး၊ အရေးပေါ် လူနာတင်ယာဉ်များ လူဦးရေအချိုးနှင့်အညီ လုံလောက်စွာရှိနိုင်ရေး၊ လူတိုင်းလုံခြုံစိတ်ချရ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများကို ယုံကြည်စွာ စားသုံးနိုင်ရေး၊ လူတိုင်းအခြေခံကျန်းမာရေး ဗဟုသုတနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ အရေးပေါ် အသက်ကယ်နည်းများကို သိရှိဆောင်ရွက်နိုင်ရေးတို့အတွက်လည်း များစွာဆောင်ရွက်သွားရမည်ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ် လူတိုင်းအရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိနိုင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

(ဆုနှင်းလွဲ)

○○○

လမ်းသစ်(မော်တင်)လမ်းထိပ်ရှိ ပိုလ်ချုပ်လမ်းဖြတ် (၁၇ ပေ) လူကူးခုံးကျော်တံတားအနီး လမ်းဆုံကွေ့တွင် ယာဉ်လေးစီးတိုက်မှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၁၉

ဒီဇင်ဘာ ၁၈ ရက် ည ၇ နာရီမိနစ် ၂၀ ဝန်းကျင်တွင် လမ်းမတော်မြို့နယ်အတွင်းရှိ ပိုလ်ချုပ်လမ်းဖြတ် (၁၇ ပေ) လူကူးခုံးကျော်တံတားအနီး ပိုလ်ချုပ်လမ်းနှင့် လမ်းသစ်(မော်တင်) လမ်းဆုံကွေ့တွင် ယာဉ်လေးစီးတိုက်မှု ဖြစ်ပွားခဲ့သည်။

နှစ်လမ်းမောင်း လမ်းမကြီးဖြစ်သော ပိုလ်ချုပ်လမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသည့်ဟွန်ဒါပစ်ကပ် (နောက်ကိုယ်ထည်အလုံပိတ်)ယာဉ်ငယ် ယာဉ်အမှတ် 5K/---- သည် လမ်းသစ်လမ်းအတွင်းသို့ ချိုးကွေ့ဝင်ရောက်စဉ် လမ်းဆုံတွင် ဘရိတ်ပေါက်၍ လမ်းသစ်လမ်းအတွင်းမှ တောင်မှမြောက်သို့ မောင်းနှင်လာသော ရေညှိရောင်တက္ကစီယာဉ် CC/--- ၏ ဝဘက်ခြမ်း ယာဉ်အလယ်ပိုင်းအား အရှိန်ဖြင့် တိုက်မိသွားသည်။ အဆိုပါ ဟွန်ဒါပစ်ကပ်ယာဉ်ငယ်သည် ရန်ကုန်မြို့တွင်း အရောင်းမြှင့်တင်ရေး ကုန်ပစ္စည်းသယ်ဆောင်သော ယာဉ်ငယ်ဖြစ်ပြီး မင်္ဂလာတောင်ညွှန့်မြို့နယ်တွင် နေထိုင်သူကိုအေးကျော် အသက်(၂၉)နှစ် မောင်းနှင်လာသည်ဟု သိရသည်။

တက္ကစီယာဉ်အား ဝင်တိုက်မိပြီး လမ်းဘေးရပ် ယာဉ်နံပါတ် တပ်ဆင်ထားခြင်းမရှိသေးသော အိမ်စီးယာဉ်ငယ်နှစ်စီးအား ခေါင်းချင်းဆိုင်ထပ်မံတိုက်မိသည်။ ဟွန်ဒါပစ်ကပ်ယာဉ်၏ ဝဘက်မီးလုံးတစ်ဝိုက် ပျက်စီးမှုရှိပြီး ဘီးပေါက်သွားသည်။ အတိုက်ခံရသော တက္ကစီယာဉ် ဝဘက်အလယ်ဘေးပိုင်း ပျက်စီးမှုများသွားသည်။ သက်ဆိုင်ရာမှ လာရောက်စစ်ဆေး အရေးယူပြီး လမ်းယာဉ်ကြောပေါ်ရှိ အဆိုပါ ယာဉ်ငယ်နှစ်စီးကို ဖယ်ရှားပေးသဖြင့် ယာဉ်အသွားအလာ ပုံမှန်ဖြစ်သွားခဲ့သည်။

အဆိုပါလမ်းဆုံသည် ကုန်းဆင်းအနေအထားဖြစ်၍ လမ်းဆုံအကွေ့တွင် ယာဉ်မောင်းနှင်သူများ အထူးသတိထားမောင်းနှင်နေရသော နေရာဖြစ်သည်ဟု လမ်းသစ်လမ်းနေကိုမျိုးမင်းက ဆိုသည်။ အဆိုပါ လမ်းဆုံ သူနာပြုတက္ကသိုလ်ဝင်းဘေး လမ်းသစ်လမ်းဘက်ခြမ်းတွင် နံပါတ်ပြားမတပ်ဆင်ရသေးသော ပစ်ကပ်နှင့် အိမ်စီးယာဉ်ငယ် အစီးရေ ၃၀ နီးပါး ရပ်ထားလေ့ရှိသည်ကို လချီမြင်တွေ့ရဆဲဖြစ်သည်ဟု လမ်းသစ်ရိပ်သာနေ တစ်ဦးက ဆိုသည်။

(မောင်စေအောင်)

ကားအရှိန်လျှော့မောင်းရန်ပြောမိ၍ ကားပေါ်ပါလူတစ်စုက ပိုင်းဝန်းထိုးကြိတ်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်တွင် နေထိုင်သူ တစ်ဦးက ကားအရှိန်ပြင်းစွာ မောင်းနှင်လာခြင်းအား အရှိန်လျှော့မောင်းရန် ပြောမိရာမှ ကားပေါ်လိုက်ပါလာသော လူတစ်စုက ပိုင်းဝန်းထိုးကြိတ်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ပတ္တမြားလမ်းအိမ်အမှတ်(၁၂)တွင် နေထိုင်သော မြို့နယ်စစ်မှုထမ်းဟောင်း ဒုတိယဥက္ကဋ္ဌ ပိုလ်မှူးမောင်မောင်ဇင်(ငြိမ်း)သည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီ မိနစ် ၄၀ ခန့်တွင် ပတ္တမြားလမ်းထိပ်ရှိ အမှိုက်ပုံတွင် အမှိုက်ပစ်ပြီး ပြန်လာရာ လှည်းတန်းဘူတာရုံအနီးသို့ အရောက်တွင် ပတ္တမြားလမ်းအတိုင်း အရှိန်ပြင်းစွာ မောင်းနှင်လာသော လိုက်ထရပ်အဖြူရောင်ယာဉ်တစ်စီးကို အရှိန်လျှော့မောင်းနှင်ရန် ပြောစဉ် အဆိုပါယာဉ်ပေါ်မှ လူလေးဦး ဆင်းလာပြီး ပိုင်းဝန်းထိုးကြိတ်ရာ မျက်လုံးဖူးရောင်၊ နှာခေါင်းသွေးယိုစီး၊ ပါးနှစ်ဖက်ရောင်ရမ်းဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်အား ကမာရွတ်မြို့မရဲစခန်းမှ အမှုဖွင့်လှစ်၍ ပြစ်မှုကျူးလွန်သူများအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝင့်၈)

ဥတုရာသီ တောကိုမိုး၏

ခွင့်လွှတ်ချင်ပါသည်

လှိုင်(ရန်ကုန်တက္ကသိုလ်)

အချို့ မှားမှန်းသိသော်လည်း ဝန်ခံရဲသော သတ္တိမရှိကြ။ သူတော်ကောင်းဟန်ဆောင်ကြသည်က များပါသည်။ သေခါနီးဆဲဆဲတွင် ဝန်ချရှိခိုးတောင်းပန်သည်မှာ ခွင့်လွှတ်ဖွယ်ကောင်းသည့်အပြင် သူ့လို အပြစ်ရှိသူများ အတုယူကျင့်သုံးနိုင်ရန် နမူနာစံပြလမ်းညွှန်ဘိသကဲ့သို့ အကျိုးရလဒ်ကောင်းမြတ်လှသည်ဟု ထင်ပါသည်။

စာရေးသူသည် ယခုနောက်ပိုင်းနေအိမ်တွင်သာ ဥပုသ်သီလဆောက်တည်ပါသည်။ နေ့စဉ် ဘုရားရှိခိုး၊ ဆွမ်းတော်ကပ်၊ ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်ပြီး သီလစောင့်ထိန်း၊သမာဓိကို ထူထောင်နေမိပါသည်။ ညနေချမ်းအချိန်လေးများတွင် တရားစာပေများကို အနည်းအကျဉ်းဖတ်ရှုဖြစ်ပါသည်။

နံနက်စောစောဘုရားရှိခိုး၊ ဆွမ်း၊ပန်း၊ ရေချမ်း ဘုရားကိုကပ်လှူ။ ထို့နောက် ရေမိုးချိုး၊ နံနက်စာထမင်းစား၊ TV မှ တရားတစ်ပုဒ်နာ၊ မေတ္တာဘာဝနာပွားများ၊ အချိန်အနည်းငယ် ဝိပဿနာရှုမှတ်ပွားစသည်ဖြင့် အစဉ်တစိုက် လုပ်ခဲ့ရပါသည်။ မိမိစိတ်အာရုံနှင့် ကာယကျင့်စဉ်များကို ဆက်တိုက်မလုပ်လို၍ ညနေခင်းအချိန်တွင် တရားစာပေများကို စိတ်အာရုံပြောင်းသည့် သဘောဖတ်ရှုလေ့လာခြင်းဖြစ်ပါသည်။

တရားစာစောင်လေး တစ်ပုဒ်ဖတ်ကြည့်မိပါသည်။ ထိုတရားစာစောင်၏ အမည်မှာ "ဓမ္မဗျူဟာ စာစောင်အတွဲ ၅၃၊ အမှတ် ၉၊ ၂၀၁၅ ခုနှစ် မတ်လထုတ်"ဖြစ်ပါသည်။ စာရေးသူ ဒေါက်တာဖေထွန်းသက် (မကွေး)ရေးသားထားသော "ခွင့်လွှတ်ဖို့ကြိုးစားမယ်"ဟူသော ဆောင်းပါးလေး တစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။

ဆောင်းပါးတွင် ဆွေမျိုးတစ်ဦး၏ ရက်စက်ယုတ်မာမှုကြောင့် ဘဝပျက်ခဲ့ရသော အမျိုးသမီးလေးတစ်ဦး၏ ခံစားချက်ကိုပြောပြထားပါသည်။ ကလေးမလေးက (၈)နှစ်သမီးအရွယ်တွင် စော်ကားခံရခြင်းဖြစ်၍ စိတ်ဝေဒနာခံစားနာကျင်ခဲ့ရပြီး အသက်အရွယ်လေးရလာသောအခါ အကြောက်တရားကို အမုန်းတရားသို့ ပြောင်းကာ လက်စားချေရန်ပြင်ပါတော့သည်။ သို့ရာတွင် တရားစာတွေဖတ်၊ သတိပဋ္ဌာန်တရားတွေကို အားထုတ်၍ စိတ်အေးချမ်းလာသည်။ ဝေဒနာကို မေ့ပျောက်လာသည်။ လက်စားချေဖို့လည်း မကြိုးစားတော့ပေ။

တစ်နေ့တွင် ကျူးလွန်စော်ကားသူက အိပ်ရာပေါ်ပက်လက်ဖြစ်ကာ ဝေဒနာပြင်းထန်ပြီး နောက်ဆုံးအချိန်ဖြစ်နေပါပြီ။ ထိုကလေးမလေးကို တွေ့ချင်ပါသည်၊ တောင်းပန်စကား ပြောလိုပါသည်ဟု တောင်းဆိုလာပါသည်။ ကလေးမလေးက သွားတွေ့သောအခါ လူနာက လက်အုပ်ကို မနိုင့်တနိုင်ချီပြီး ရှိခိုးဟန်ပြုပါသည်။ ပါးစပ်က "ငါ့အပြစ်အတွက် ဝန်ချတောင်းပန်ပါတယ်။ ငါ့ကိုခွင့်လွှတ်ပါတဲ့" စကားသံကလေသံသဲ့သဲ့မျှသာရှိပါတော့သည်။ ကလေးမလေးက ထိုလူနာ၏ဘေးတွင် ဒူးတုပ်ထိုင်ချလိုက်ပြီး "ကျွန်မလည်းရှင့်အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံပြစ်မှားမိသမျှ ခွင့်လွှတ်ပါလို့ ပြောပြီး ဦးချကန်တော့လိုက်ပါတော့တယ်"တဲ့။

ထိုလူနာသည် မရှိမဲ့ရှိမဲ့ အားကလေးနှင့် ချိုးပွဲချင့်ကြွေးကျန်ရစ်ပါသည်တဲ့။ မိန်းကလေးသည်လည်း အပြန်လမ်းတစ်လျှောက် ပေါ့ပါးလန်းဆန်းကြည်လင်ရွှင်ပျသော ခြေလှမ်းများဖြင့် ပြန်လာနိုင်ပါသည်တဲ့။ "ဒီဘဝမှာ လုပ်သင့်တာလုပ်ခဲ့ပြီ"ဟု ဝမ်းပန်းတသာပီတိတွေဖြာနိုင်ပါတော့မည်ဟု အဆုံးသတ်ထားပါသည်။

ယောဆရာတော်ကြီး၏ ဟောကြားချက်ကို စာရေးသူ နာယူမှတ်သားခဲ့ဖူးပါသည်။ တစ်နေ့တွင် ဒကာဇနီးမောင်နှံနှစ်ဦး ဆရာတော်ကြီးကို လာရောက်ဖူးမြော်သည်။ ဆရာတော်ကြီးက ပဋ္ဌိသန္ဓာရစကားပြောကြားရင်း ဒကာကြီးတို့မှာ သားသမီးများ မရှိကြဘူးလားလို့ မေးတော်မူပါသတဲ့။ ၎င်းတို့က "မှန်ပါ့ဘုရား၊ သားသမီးရှိတော့ရှိပါတယ်ဘုရား"ဟု ပြန်လည်လျှောက်တင်ကြသည်တဲ့။

ထိုအခါဆရာတော်ကြီးက "ဒကာကြီး၊ ဒကာမကြီးတို့လျှောက်ထားတဲ့ စကားကတစ်မျိုးပဲ၊ သားသမီးရှိရင်ရှိတယ်၊ မရှိရင် မရှိဘူးလို့ လျှောက်ရမယ့်အစား ရှိတော့ရှိပါတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုရှင်းပါဦး" လို့ မိန့်တော်မူသတဲ့။

ထိုအခါ ဇနီးမောင်နှံက "မှန်ပါ့ဘုရား၊ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိပါတယ်။ သားဖြစ်သူက မွေးလာကတည်းက စကားမပြောပါဘူး ဘုရား။ (အ အလေးပါ)။ သမီးကစိတ်ဝေဒနာသည်လေးပါ (အရူးလေးပါ)။ ဒီဒုက္ခိတကလေးနှစ်ဦးကို ကျွေးမွေးပြုစုရတာ ပင်ပန်းလွန်းလို့ သားသမီးရှိတော့ရှိပါတယ်လို့ လျှောက်မိပါတယ်ဘုရား"ဟု လျှောက်တင်ကြပါသည်တဲ့။

ဆရာတော်က "ဒကာကြီး၊ ဒကာမကြီးတို့ စိတ်မပျက်ကြပါနဲ့၊ မငြိုငြင်ကြပါနဲ့။ ထိုကလေးတို့ဇနီး၊ ဒကာကြီးတို့ ဇနီးအပေါ် ရှေးဘဝက ဒကာကြီးတို့ ဇနီးမောင်နှံက ပေးစရာအကြွေးတွေရှိခဲ့လို့ ခုလိုလိုက်လာကြတာပါ။ သဒ္ဓါကြည်လင်ကျွေးမွေးပြုစုကြပါ။ သံသရာက အကြွေးမို့ဝမ်းပန်းတသာပေးဆပ်ကြပါ" ဟု ဆရာတော်က မိန့်ကြားဆုံးမတော်မူပါသည်။ ဆရာတော်၏ ဟောကြားဆုံးမချက်မှာ ရှင်းလင်းပြတ်သားလှပါသည်။

စာရေးသူတို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များပီပီ ကံ ကံ၏အကျိုးကိုယုံကြည်ကြသည်။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်။ သူတစ်ပါးကို မိမိကနှိပ်စက်ခဲ့လျှင် ထိုသူက မိမိကို တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ပြန်လည်နှိပ်စက်မှာ မလွဲဧကန်ပဲ။ မကောင်းမှုဟူသည် နွားဇ၏နောက်သို့ လှည်းဘီးသည် ထက်ကြပ်မကွာလိုက်ဘိသကဲ့သို့ မကောင်းမှုပြုသူ၏ နောက်သို့ တကောက်ကောက်လိုက်သည်။ အခါသင့်လျှင် မကောင်းကျိုးကို ပေးတတ်သည်အမှန်ပါ။

ထို့ကြောင့် ဓမ္မစာစောင်ပါ ဆောင်းပါးထဲမှ မိန်းကလေးသည်လည်း လောကဓံလှိုင်းရိုက်ပုတ်ခြင်းခံရသည်မှာ သံသရာကြွေးကို ဆပ်ခြင်းဟု ဆိုနိုင်ပါသည်။ ရှေးရှေးက ထိုကလေးမလေးက ထိုအမျိုးသားအပေါ် ရက်စက်ကျူးလွန်ခဲ့၍ ဤဘဝ ဤအချိန် ပြန်လည်ပေးဆပ်ရခြင်းမျိုးပါ။ တူသောအကျိုးပေးကို ပြန်လည်ခံစားရသည်ဟု နားလည်ရမည်ဖြစ်ပါသည်။ ကိုယ်ဆိုးခဲ့လို့ ကိုယ့်ကို သူကတစ်ဖန်ပြန်ဆိုးခဲ့ခြင်းပါ။ ကိုယ်က ရိုင်းခဲ့လို့ သူကတစ်ဖန် ပြန်၍ရိုင်းခဲ့ခြင်းဖြစ်ပါသည်။ ကံ ကံ၏အကျိုးကိုယုံကြည်သူ ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ တရားအမြင်နှင့် ဆင်ခြင်သုံးသပ်၍ အမုန်းဇာတ်ကို အဆုံးသတ်သင့်လှပါသည်။

ဆောင်းပါးမှကလေးမလေးကို စာရေးသူ လေးစားကြည်ညိုမိပါသည်။ ဆောင်းပါးမှ အမျိုးသားကိုလည်း ခီးကျူးမိပါသည်။ အချို့မှားမှန်းသိသော်လည်း ဝန်ခံရဲသော သတ္တိမရှိကြ။ သူတော်ကောင်းဟန်ဆောင်ကြသည်က များပါသည်။ သေခါနီးဆဲဆဲတွင် ဝန်ချရှိခိုးတောင်းပန်သည်မှာ ခွင့်လွှတ်ဖွယ်ကောင်းသည့်အပြင် သူ့လိုအပြစ်ရှိသူများ အတုယူကျင့်သုံးနိုင်ရန် နမူနာစံပြလမ်းညွှန်ဘိသကဲ့သို့ အကျိုးရလဒ်ကောင်းမြတ်လှသည်ဟုထင်ပါသည်။ ယုံကြည်ပါသည်။ လိုက်နာရန်သင့်လှသည်။

လူဆိုသည်မှာ လုံးဝအပြစ်ကင်းစင်သူဟူ၍ ရှားလှပါသည်။ အရိယာမဟုတ်သေးသမျှမှားတတ်သေးသည်မှာ ဓမ္မတာပါ။ စာရေးသူသည် ဆောင်းပါးထဲမှ မိန်းကလေးကဲ့သို့ ပြင်းထန်သော လောကဓံကို မကြုံခဲ့ရသော်လည်း လောကဓံအသေးအမွှားလေးတွေကိုတော့ ကြုံတွေ့ခံစားခဲ့ရပါသည်။ သို့ရာတွင် စာရေးသူသည် စစ်မှန်ပြည့်ဝသော ဗုဒ္ဓဘာသာမိဘနှစ်ပါးမှ မွေးဖွားခဲ့သော မြန်မာအမျိုးသမီးလေးဖြစ်ပါသည်။ ရတနာသုံးပါးကို ဝယ်စဉ်ကပင် သက်ဝင်ကိုးစားယုံကြည်အားထားသူလည်း ဖြစ်ပါသည်။ ခေတ်ပညာတတ် ဆရာမဟောင်းတစ်ဦး၊ တပည့်အပေါင်းကို ပျိုးထောင်သူ ဥယျာဉ်မှူးကောင်းတစ်ဦး၊ စာပေဝါသနာအရ စာရေးဆရာမတစ်ဦးလည်း ဖြစ်သောကြောင့် ခံစားခဲ့ရသော လောကဓံလှိုင်းလေးများကို ပြန်လည်သတိရသော်လည်း မိမိအပေါ်နှိပ်စက်ခဲ့သူများ၊ ဖြစ်မှားခဲ့သူတို့ကို ရန်သူဟု မမြင်တော့ပါ။ အသက်အရွယ်အရ(၇၇)နှစ်ထဲရောက်၍ အထုပ်ကိုယ်စီပိုက်ကာချီ လာလမ်းဆီသို့ ပြန်ရတော့မည့်အချိန်အခါ ဖြစ်၍ ပို၍ တရားသံဝေဂရယူထားပါသည်။ "ပြုသူအသစ်ဖြစ်သူအဟောင်း"တဲ့။ ယခု စာရေးသူခံစားရသမျှ တစ်ချိန်ကစာရေးသူ ပြုခဲ့သော ကာယကံ၊ ဝစီကံ၊ မနောကံတို့၏ ရောင်ပြန်တွေပဲဟု ခံစားနားလည်နိုင်ပါပြီ။ ဘယ်သူမပြု မိမိမှုပေပဲဟု ကျေနပ်စွာ ခွင့်လွှတ်နေမိပါသည်။ စာရေးသူကို ဒုက္ခ ပေးနေသူတို့ အားလုံးကို ဤရွှေ့ဤမျှ ဒုက္ခ နည်းနည်းသာပေးသွားသူများဟု ကြံဖန်၍ ကျေးဇူးပင်တင်လိုက်မိပါသေးသည်။

ယောဆရာတော်ကြီး၏ သြဝါဒအတိုင်း စာရေးသူ၏ သံသရာကြွေးကို ပြန်လည်ပေးဆပ်ရခြင်းပေပဲဟု ဒုက္ခပေးသူတို့ကို အပြစ်မမြင်၊ မေတ္တာဖြင့် ဆင်ခြင်၍ ခွင့်လွှတ်စာနာမိပါသည်။ ကိုယ့်အပေါ် ကောင်းသူများသည် နောက်နောင်က ကိုယ်ကသူတို့အပေါ် ကောင်းခဲ့လို့ဟု မှတ်ယူပါသည်။ ကိုယ့်အပေါ်မကောင်းခဲ့သူများသည်လည်း နောက်နောင်က ကိုယ်ကသူ့အပေါ် မကောင်းခဲ့လို့ပဲဟု ကျေနပ်လိုက်ပါသည်။

ဓမ္မမိတ်ဆွေအပေါင်းတို့လည်း ဆင်းရဲခြင်းမှန်သမျှ ကိုယ်ကစခဲ့သည်ဟု တရားသဘောကို ယောနိသောမနသိကာရဖြင့် နှလုံးသွင်းနိုင်ကြပါစေ။ ကိုယ့်အပေါ်မကောင်းခဲ့သူများကို ခွင့်လွှတ်နိုင်ကြပါစေ။ ကိုယ်ကမှားခဲ့လျှင်လည်း ရဲရဲဝံ့ဝံ့ဖွင့်ဟတောင်းပန်ဖို့ အမြင်မှန်နိုင်ကြပါစေ။ ရဲဝံ့ပြတ်သား သဘောထားမှန်နိုင်ကြပါစေ။ ။

အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဒီဇင်ဘာ ၁၉

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနသည် SME များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကနေဒါနိုင်ငံ Building Markets (BUMA) အဖွဲ့အစည်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းနှင့် ဈေးကွက်များထူထောင်ခြင်းအဖွဲ့အစည်း (Building Markets) မှ (Country Director) Mr. Emmanuel Maillard တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးအတွက် နားလည်မှုစာချွန်လွှာကို ညွှန်ကြားရေးမှူးချုပ်နှင့် Building Markets မှ Country Director တို့က ရေးထိုးခဲ့ကြသည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဈေးကွက်များထူထောင်ခြင်းအဖွဲ့အစည်း (Building Markets) တို့သည် မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းအကောင်အထည်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အနာဂတ်ပညာရေးကို ပုံဖော်နိုင်ရန် ပညာရေးကောလိပ်များ တိုးချဲ့ဖွင့်လှစ်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၄) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဘရွှေနှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၉၄ ဦးတက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ထူးချွန်ဆုရ သင်တန်းသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သည့်နည်းတူ ကျောင်းနေအရွယ်ကလေးအားလုံးအတွက် သင်ယူမှုအခွင့်အလမ်းကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့သို့အရည်အသွေးမြင့် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် အရည်အသွေးရှိသည့် ပညာရေးနှင့် အရည်အချင်းပြည့်ဝထက်မြက်သည့် ဆရာ ဆရာမများက အဓိကပခေါနဖြစ်ကြောင်း၊ အနာဂတ်ပညာရေးကို ပုံဖော်နိုင်ရန် ဆရာဆရာမများ လေ့ကျင့်မွေးထုတ် အရည်အသွေးမြှင့်တင်ပေးနေသည့် ပညာရေးကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လွိုင်ကော်ပညာရေးကောလိပ်ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူမှုအခွင့်အလမ်း မြင့်မားလာအောင်၊ သင်ယူမှုဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာအောင်၊ ပညာအရည်အသွေးမြင့်မားလာအောင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ ဆရာဆရာမများကလည်း အမျိုးသားပညာရည်မြင့်မားရေးအတွက် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အသိစိတ်ဓာတ်ဖြင့် ကြိုးစားအားစိုက်ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်သည်။ **(သတင်းစဉ်)**

မြစိမ်းရောင်စိမ်ကိန်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်(တောင်ပိုင်း)ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စိမ်ကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိမ်ကိန်းတွင် မြစိမ်းရောင်စိမ်ကိန်းကျေးရွာ ၃၀ မှ စင်မကော်၊ ကြံပင်၊ ရေကျော်၊ ကရင်ချောင်း၊ ပုတ္တလုတ်၊ ဇီးဖြူပင်၊ အောင်သပြေ၊ တာပ၊ တူးမြောင်း၊ အောင်ချမ်းသာ၊ တမ်ကြီးကုန်း၊ မစ်တန်း၊ မရမ်းဘေး၊ အဝကောက်၊ သုခအောင်၊ ပါးကြီး၊ ပန်းချောင်း၊ ကဒပွန၊ ဆေးဘိုဝ၊ ဇင်ပွန်းကုန်းကျေးရွာများသို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကွင်းဆင်း၍ စာရင်းဇယားပုံစံများ၊ ဘဏ်လက်ကျန်စာရင်းဇယားများကို ဘဏ်ရှင်းတမ်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လက်တွေ့ပို့ချပေးခဲ့သည်။ **(ကြေးမုံ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

လုပ်ငန်းရှင်များစိတ်ဝင်စားမှုအများအပြားရှိသည့် MPT လေလံပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၏ တစ်ကြိမ်မျှ ရောင်းချခြင်းမရှိသေးသော မိုဘိုင်းအလှနံပါတ်များ လေလံတင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပတ်ရှိုင်းရယ်ဟိုတယ်၌ ကျင်းပရာ **(အပေါ်ပို့)** လေလံပွဲစတင်ပြီး နာရီပိုင်းအတွင်း ကြမ်းခင်းဈေးသိန်း ၃၀ သတ်မှတ်ထားသည့် ဂဏန်းရှစ်လုံးအတွဲပါသည့် မိုဘိုင်းနံပါတ်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) ပင်လုံအိမ်ရာ၌ နေထိုင်သူတစ်ဦးက ငွေကျပ် သိန်း ၂၂၀ ဖြင့် လေလံအောင်မြင်သွားခဲ့သည်။

အဆိုပါ လေလံပွဲကို အပိုင်းလေးပိုင်းဖြင့်စတင်ကာ နံပါတ်တစ်ခုချင်း၊ အတွဲလိုက် ပါဝင်သော လေလံအတွဲ ၇၀ မိုဘိုင်းနံပါတ်ပေါင်း ၁၂၀ ကျော်ပါဝင်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးနိုင်ကိုကိုက "ဒီပွဲကို စီစဉ်ဖို့ပြင်ဆင်တာကြာပါပြီ။ အခုနှစ် မေလလောက်ထဲကပါ။ နံပါတ်အလှတွေကို အခုလို လူတွေ ပျော်ပျော်ရွှင်ရွှင် လေလံဝင်ဆွဲကြပြီး အောင်မြင်တာကိုတွေ့ရတာ ဝမ်းသာမိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဖက်စပ်လုပ်တဲ့အဖွဲ့တွေ စုစုပေါင်း ၁၀၀ လောက် လေလံဆွဲကြတယ်။ ကြမ်းခင်းဈေးကို ပြင်ဆင်လိုက်ရတာ ကတော့ ပွဲမတိုင်ခင်မှာ ဌာနတွင်း တိုင်ပင်မှုတွေပြုလုပ်ပြီး အခြေခံဈေးနှုန်းတွေ ပြောင်းလဲပြင်ဆင်ခဲ့တယ်။ ပရိမိုးရှင်းအစီအစဉ်တွေ ဆက်လက် လုပ်ဆောင်ဖို့ရှိတယ်။ အသေးစိတ်ကတော့ နောက်ပိုင်းမှာ ထုတ်ပြန်သွားမှာပါ။ ကံစမ်းမဲ အစီအစဉ်တွေ ထိုက်ထိုက်တန်တန်ပါဝင်တာကြောင့် ဆက်လက်ကံစမ်းကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ပြောသည်။

ယနေ့ပွဲတွင် လေလံအောင်သူ အနေဖြင့် နံပါတ်အလှတစ်ခု (သို့မဟုတ်) နံပါတ်အလှအတွဲ တစ်တွဲအတွက် ငွေပေးချေခြင်းကို ဒီဇင်ဘာ ၂၁ ရက် မှ ၂၈ ရက်ထိ ငါးရက်အတွင်း မြန်မာ့စီးပွားရေးဘဏ်(MEB)(ဘဏ်ခွဲ-၂) ပန်းဆိုးတန်းလမ်းနှင့် ဘဏ်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ဘဏ်ဖွင့်လှစ်ချိန်ဖြစ်သည့် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီအတွင်း အောင်မြင်ထားသည့်လေလံအတွက် ချက်လက်မှတ် သို့မဟုတ် ငွေသားဖြင့် ပေးသွင်းရမည်ဖြစ်ပြီး ဆင်းမ်ကတ်ထုတ်ယူခြင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဗိုလ်အောင်ကျော်လမ်းအမှတ်(၄၃)ကျောက်တံတားမြို့နယ်သို့ တံဆိပ်တုံးထုထားသည့် ချလန်၊ မှတ်ပုံတင်နှင့်အတူ လာရောက်ထုတ်ယူရမည်ဖြစ်သည်။

သတ်မှတ်ရက်အတွင်း ငွေပေးချေခြင်းမပြုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆုံးဖြတ်ချက်နှင့်အညီ တည်ဆဲဥပဒေများဖြင့် တရားစွဲဆိုခြင်းခံရမည်ဟု သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ လေလံပွဲမှရရှိသော ရောင်းရငွေအားလုံးကို လျှပ်စစ်မီးမရရှိသေးသော မန္တလေးတိုင်းဒေသကြီးရှိ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ ညောင်ဦး၊ ရမည်းသင်း၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်မြို့နယ်များအတွင်းရှိ ကျေးရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလင်းရောင်နှင့် ဖုန်းအားသွင်းနိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ်များ လျှျဒါန်းသွားမည်ဟုသိရသည်။ **(ဝင်းစန္ဒီ)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၁၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော SHELL MYANMAR ENERGY PTE .,LTD. သည် ရခိုင်ကမ်းလွန် ရေနက်ပိုင်း လုပ်ကွက်အမှတ် AD-9/11 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. POLARCUS AMANI (Call Sign: C6ZD3) ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

3D Seismic Survey တိုင်းတာဆောင်ရွက်မည့်ဧရိယာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Point	Latitude	Longitude
A	18° 4' 38" N	90° 29' 11" E
B	19° 2' 19" N	91° 9' 35" E
C	19° 2' 25" N	91° 20' 21" E
D	18° 59' 45" N	91° 19' 49" E
E	19° 00' 05" N	92° 08' 52" E
F	18° 27' 49" N	92° 08' 52" E
G	18° 15' 23" N	92° 00' 02" E
H	18° 15' 04" N	91° 17' 25" E
I	18° 05' 06" N	91° 10' 25" E

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက်အမှတ် AD-9/11 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV.POLARCUS AMANI ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဧပြီ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်မည့်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားသည်။

(ကြေးမုံ)

ဒီဇင်ဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဧလေဗဒနှိုးချက်

ဘဂ်လားပင်လယ်အော်အခြေအနေ

ဘဂ်လားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘဂ်လားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျုန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

ညအပူချိန်

ညအပူချိန်အခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

မြူအခြေအနေ

မြူအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ခုနစ်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ငါးရက်မှ ခြောက်ရက်ခန့် မြူထူများဆိုင်းနိုင်သည်။

မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပ

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံစာရေး ဆရာအသင်းက ကြီးမှူးကျင်းပသော ၁၃၇၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က "မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန်တော့ပွဲကို လုပ်တာ ဒီနှစ်ပါဆိုရင် ၂၂ နှစ်ရှိပြီ။ နိုင်ငံတော်နဲ့ ပြည်သူတွေက အသိပညာ၊ ဉာဏ်ပညာနဲ့ စာကောင်းပေကောင်းတွေကို ရေးသားခဲ့ကြတဲ့ စာရေးဆရာကြီးတွေရဲ့ ဂုဏ်ကျေးဇူးကို နတ်တော်လ စာဆိုတော်လမှာ ပူဇော်ကန်တော့ကြတယ်။ သူတို့စာတွေ ဖတ်ပြီးတော့ အသိပညာ အလိမ္မာတွေရခဲ့တယ်။ သူတို့ရဲ့ရသ စာပေတွေဖတ်ပြီးတော့ လည်း နှလုံးသားမျှတခြင်း၊ စိတ်ကောင်းစေတနာကောင်းရှိခြင်း၊ နှိမ့်ချခြင်းဆိုတဲ့ တန်ဖိုးထားမှုတွေရတယ်။ သုတစာပေရေးတော့လည်း သုတအဖြာဖြာ ကမ္ဘာ့နိုင်ငံအဖြစ်အပျက်အတွေ့အကြုံတွေ ဘာသာရပ်ပေါင်းစုံက ပညာရပ်တွေကို ထပ်မံလေ့လာဆည်းပူးခွင့်ရတော့ အကျိုးရှိတယ်။ အဲ့ဒီလိုရေးသားခဲ့တဲ့ကျေးဇူးရှင် ဆရာကြီးတွေကို ဒီလ ဒီအခါမှာ ပူဇော်ကန်တော့ခြင်းနဲ့အတူ မျိုးဆက်သစ်စာပေပညာရှင်တွေက နောင်လာနောက်သားတွေအတွက် ကောင်းကျိုးရှိမယ့် စာပေတွေ၊ ဗဟုသုတအဖြာဖြာ ရမယ့် စာကောင်းပေကောင်းတွေ ရေးသား ကြပါ" ဟု နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူး မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံသက်ကြီး စာပေပညာရှင်များနှင့် မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)က အလှူရှင်စာရင်းကိုဖတ်ကြားသည်။

ဆက်လက်၍ ကန်တော့ခံသက်ကြီးစာပေပညာရှင်များအား ကန်တော့ချိုးဖြင့် ကန်တော့ကြပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာ၊ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦး၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား အလှူငွေနှင့် ကန်တော့ပစ္စည်းများအား လက်ဝယ်အရောက် ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်များ ကိုယ်စား ဦးမောင်မောင် (မောင်ချမ်းငြိမ်း-ဖျာပုံ)က သြဝါဒစကားပြောကြားသည်။

အခမ်းအနားသို့ ကန်တော့ခံသက်ကြီးစာပေပညာရှင် စုစုပေါင်း ၁၈၅ ဦး ရှိသည့်အနက် ၁၂၈ ဦး တက်ရောက်ပြီး တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီနှင့် အလှူပြုစွည်းများ၊ ယခုနှစ်ထပ်တိုးကန်တော့ခံ သက်ကြီးစာပေပညာရှင် ၂၉ ဦး အတွက် Sky Net ရုပ်သံဖမ်းစက် တစ်စုံစီနှင့် ကြည့်ရှုခွင့် တစ်နှစ်အခမဲ့တို့အား လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် အလှူရှင် ၁၁၆ ဦးက အလှူငွေ ၂၉၅၀၄၁၁ ကျပ်နှင့် ပစ္စည်းအလှူရှင် ၁၂ ဦးတို့က ငွေကျပ် ၅၈၁၀၀၀ တန်ဖိုးရှိ ပစ္စည်းများ စုစုပေါင်း အလှူရှင် ၁၂၈ ဦးတို့က အလှူပစ္စည်းနှင့် အလှူငွေကျပ် ၃၅၃၀၄၁၁ ကျပ်တို့ လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

❑❑

❍ ကျောဖုံးမှ

အနီးတွင် ရှိသည်။ ဆဒ္ဒန် လိုဏ်ဂူတော်သည် ဇွဲကပင်တောင်တန်းနှင့် ဆက်စပ်လျက်ရှိပြီး မိုးတွင်းကာလတွင် ရေပတ်လည်ပိုင်းလျက်ရှိသောကြောင့် ယခုအခါ နွေ၊ မိုး၊ ဆောင်းသွားလာနိုင်သော ကားလမ်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ ပိုင်းဝန်းဆောင်ရွက်ထားကြောင်း သိရသည်။

ဆဒ္ဒန်ဂူသည် ဘားအံမြို့ ရသေ့ပျံကျေးရွာတွင်ရှိသော ရသေ့ပျံဂူတော်ကဲ့သို့ တိုးလျှိုပေါက်ဂူဖြစ်သည်။ ဆဒ္ဒန်ဂူပေါက်ဝသည် မြေပြင်မှအမြင့်ပေ ၅၀ ခန့်ရှိသဖြင့် အုတ်လှေကားများဖြင့် တက်ရောက်နိုင်သည်။ ဂူဝင်ဝ၏အပေါ် အမြင့်ပေ ၂၀ ခန့်တွင် ရှေးဟောင်းကျောက်ကပ်အုတ်ခွက်ဘုရား ထောင်ဂဏန်းတို့ကို ကပ်လှူထားသောအရာများကိုသာတွေ့ရပြီး အမြင့်ဆုံးတွင်ရှိသော လေးဆူ၊ ငါးဆူခန့်သာကျန်ရှိတော့သည်ကိုတွေ့ရသည်။

ပေ ၁၀၀ ခန့်ရှိဂူဝမှ ဝင်လျှင် ကျယ်ဝန်းသော ဂူကြီးထဲတွင် လျှောင်းတော်မူဘုရား၊ တင်ပျဉ်ခွေဘုရား၊ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ၊ ကိုးတောင်ပြည့် ရှေးဟောင်း သမိုင်းဝင်စေတီတော်နှင့် သမိုင်းဖြစ်စဉ်ရုပ်တုများကို ဖူးမြော်နိုင်သည်။ ထိုမှတစ်ဆင့် တစ်ဖက်ဂူဝသို့ အရှည် မိုင်ဝက်ခန့်ရှိသည့် တိုးလျှိုပေါက်သွားနိုင်သည့် ဂူပေါက်ဝကိုတွေ့နိုင်သည်။အဆိုပါဂူပေါက်သည် အလင်းရောင်လုံလောက်မှုမရှိသဖြင့် ဂေါပကအဖွဲ့မှ လျှပ်စစ်မီးများထွန်းပေးထားရာ အုပ်စုလိုက်တစ်ပြိုင်တည်း သွားလာနိုင်သည့် အကျယ်အဝန်းရှိသည်။

ဂူအတွင်းပိုင်းသို့ တဖြည်းဖြည်း ဝင်ရောက်သွားသည်နှင့် စိတ်ဝင်စားဖွယ် ဘုရာလောင်းဆဒ္ဒန် ဆင်မင်းဘဝက ဖြစ်စဉ်အဆင့်ဆင့်ကို သဘာဝအတိုင်း အံ့ဩဖွယ်ရာများကို တွေ့နိုင်သည်။ ရောဂါပျောက်ကင်းစေသော ကျောက်သွေးကန်၊ လိုဏ်ဂူ အမိုးမျက်နှာကြက်တို့တွင် အရောင်အဆင်းမျိုးစုံရှိသော ကျောက်ပန်းဆွဲများနှင့် ကျောက်မိုးမျှော်များ၊ စွယ်တော် ဖြတ်သော လွှကြီးနှင့်တူသည့် ကျောက်လွှကြီး၊ မုဆိုးလွန်နှင့်ဖောက်သည့် မိုးတည်ပေါက်ခေါ်သော ဂူအတွင်းပိုင်းသို့ အလင်းရောင်နှင့်လေကောင်းလေသန့်ကောင်းစွာရရှိသည့် ပထမမြောင်းပေါက်၊ ဆဒ္ဒန်ဆင်မင်း၏ သမီးတော်စံမြန်းရာ ဂူနေရာသဏ္ဌာန်၊ ကျောက်ပြားကြီးတစ်ချပ်ပေါ်တွင် ဆင်မင်း၏ အူခွေများပုံသဏ္ဌာန်၊ စပါးစေ့နှင့် တူလှသော ဂဝံကျောက်များ တွေ့ရပြီး စပါးကျီတောင်ဟုခေါ်သည်။ ဘုရားဖူးများက ဆန်စပါးပေါများရေးနှင့် လာဘ်လာဘ တိုးရေးအတွက် အဆောင်အဖြစ် ယူဆောင်သွားကြသည်။

ထိုမှတစ်ဆင့်ပြန်ထွက်လျှင် ဒုတိယမြောင်းပေါက်နှင့် နီးလာသဖြင့် အလင်းရောင်ပြန်လည်းရရှိလာပြီး ကျောက်စိမ့်ရေကျုရာမှ ဖြစ်ပေါ်လာသော ဆင်ကြီးတစ်ကောင်နှာမောင်းထောင်နေသောသဏ္ဌာန်ဖြင့် အောက်ခြေတွင်အပေါက်ရှိသည့် သမီးတော်တို့ ဒုက်သော ကျောက်မိုးမျှော်၊ ခမောက်သဏ္ဌာန်ရှိ မုဆိုးကျောက်ခမောက် ၊ မြေတွင်စိုက်ဝင်နေသော ကြေမွနေသည့် ဆဒ္ဒန်ဆင်မင်း အံ့သွားနှင့် တူသောကျောက်များ၊ ကွမ်းဆေး လက်ဖက်ထည့်သည့် ကျောက်ခွက်၊ ကျောက်ပျဉ်နှင့် ကျောက်စိမ့်ရေပေါက်များ၊ ထိုမှတစ်ဆင့် ဆက်သွားလျှင် အလင်းရောင် ကောင်းစွာရရှိသော မုဆိုး၏ ဒုတိယမြောင်းပေါက်နေရာနှင့် အမြင့်ပေ ၃၀၊ အချင်းပေ ၅၀ ခန့်ရှိ ကျောက်မိုးမျှော်တိုင်ကြီးကို ဆင်တိုင်ဟုခေါ်ဝေါ်ကြသည်။

အဆိုပါဆင်တိုင်၏ ထိပ်တွင် ဥဏ်တော် သုံးတောင်ရှိစေတီတည်ထားပြီး ဆုတောင်းပြည့်စေတီဟု ခေါ်ဝေါ်ကြသည်။ အဆိုပါနေရာသည် ဘုရားဖူးနှင့် ပြည်ပလေ့လာရေးခရီးသည်များအတွက် လှပသော မှတ်တမ်းဓာတ်ပုံရိုက်ကူးရာ အကောင်းဆုံးတစ်နေရာလည်းဖြစ်ပေသည်။ အဆိုပါနေရာမှ ရှေ့ကိုက် ၅၀ ခန့်ဆက်သွားလျှင် ထွက်ပေါက်ဂူရောက်ရှိပြီး မြေပြင်သို့ရောက်ရန်အတွက် အမြင့်ပေ ၁၀၀ ခန့် ဆင်းရပေသည်။

မြေပြင်တွင် လွမ်းစေတီနှင့် ဇရပ်တစ်ဆောင်တည်ထားပြီး အလောင်းတော်နှင့်အခွေအရံများ ရေချိုး၊ ရေကစားသည်ဟုဆိုသည့် ကြီးမားသောဆဒ္ဒန် ရေအိုင်ကြီးတစ်အိုင်ကို တွေ့နိုင်သည်။ ရေအိုင်ကြီး၏ မြောက်ဘက်တွင် ရေအိုင်နှင့် ထိစပ်နေသော အမြင့်ပေ ၂၀၀ ခန့်ရှိ တောင်စွယ်ကြီး တစ်တောင်ရှိသည်။ ထိုတောင်အောက်တွင် အကျယ်ပေ ၁၀၀ ခန့်၊ ဂူအမိုးအမြင့် ငါးပေခန့်ရှိတစ်ဖက် ဂူပေါက်ဝသို့ ရေဖြတ်ကျော်သွားသော ဂူပေါက်ကြီးရှိသဖြင့် တောင်အောက်လိုဏ်ခေါင်း ရေကျော်ဂူပေါက်ကြီးတစ်လျှောက် အဌားပို့သောလှေများဖြင့် ထူးဆန်းအံ့သြပြီး ရင်ထိတ်စွာ သွားလာရသဖြင့် လာရောက်လည်ပတ်သော ဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ထို့ကြောင့် ဘားအံမြို့သို့ အလည်တစ်ခေါက်လာရောက်လျှင်ဖြင့် အလောင်းတော် ဆဒ္ဒန်ဆင်မင်းဘဝကဖြစ်စဉ်များအတိုင်း အလားသဏ္ဌာန်တူသော အဆိုပါ သဘာဝသမိုင်းဝင် မဟာဆဒ္ဒန်လိုဏ်ဂူတော်သို့ ဘုရားဖူးနှင့် လေ့လာရေးအတွက် နောက်ထပ်ရောက်လာကြမည် ဖြစ်ပေသည်။

✱ အာရှမှ

တရုတ်အသင်းတို့က ရရှိခဲ့သည်။ ထို့ပြင် အကောင်းဆုံးဂိုးသမားဆုကို ကျော်စိုးလှိုင်(မြန်မာ)၊ သွင်းဂိုးအများဆုံးဆုကို Wenhui (တရုတ်)၊ Best Player ဆုကို Tianjun (တရုတ်)၊Player of the Tournament ဆုကို Chuan (တရုတ်-တိုင်ပေ) တို့က ရရှိခဲ့ပြီးဆုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ဇီဝိတဒါနသံယာ့ဆေးရုံကြီး (ရန်ကုန်) ၏ အလှူမှင်္ဂလာ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

ဇီဝိတဒါန သံယာ့ဆေးရုံကြီး (ရန်ကုန်)၏ (၂၆) ကြိမ်မြောက် အလှူမှင်္ဂလာဈေးရောင်းပွဲတော်ကို ယနေ့ညနေ ၄ နာရီ ခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အဆိုပါ သံယာ့ဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပသည်။

ဇီဝိတဒါန သံယာ့ဆေးရုံကြီးကို စေတနာရှင်ပြည်သူများ၏ ငွေအလှူပစ္စည်းအလှူ၊ လုပ်အားဒါနအလှူ သုံးခုပေါ်တွင် ဟန်ချက်ညီညီ ရပ်တည်နေရကြောင်း၊ ငွေအလှူအတွက်ပြည်သူများ သဒ္ဓါစိတ်ပွားများစေရန် အလှူမှင်္ဂလာဈေးရောင်းပွဲတော်ကို ၁၉၉၀ ပြည့်နှစ် ရွှေရတုသဘင် ကာလမှစတင်ပြီး ယနေ့တိုင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

"အလှူငွေရအောင်ပါ။ အလှူခံဌာနမှာ အလှူခံလို့ရပေမယ့် ဈေးရောင်းပွဲတော် လုပ်ခြင်းအားဖြင့် ဆိုင်ဖွင့်တဲ့ စေတနာရှင်တွေကရော သူတို့ရောင်းမယ့်ပစ္စည်းရဲ့ အရင်းရော၊ အမြတ်ရောလှူတယ်။ ရောင်းတဲ့လူရော၊ ဒီမှာလာပြီးစားတဲ့ လူရော နှစ်ဦးနှစ်ဖက် ကုသိုလ်ရတဲ့အပြင် ဆေးရုံကြီးရဲ့ တိုးတက်မှုကို ကြည့်ပြီး သဒ္ဓါစိတ်ဖြစ်ပေါ်လာတာပါ" ဟု ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။

အလှူမှင်္ဂလာ ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၃၂ ခန်းမှ ရိုးရာအစားအစာများ၊ တိုင်းရင်းဆေးဝါးများနှင့် အခြားစားသောက်ဖွယ်ရာများကို ရောင်းချလျက်ရှိပြီး ရရှိငွေများနှင့် ဈေးရောင်းမတည်ငွေများအား ဇီဝိတဒါန သံယာ့ဆေးရုံကြီး (ရန်ကုန်)သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သီလရှင် ဆေးရုံကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်က "အန်တီတို့က ကြက်သားကြာဇံချက်ရောင်းတယ်။နှစ်တိုင်း သိန်း ၂၀ လောက်လှူတယ်။ ပရဟိတ စေတနာ့ဝန်ထမ်းကို ဝါသနာပါတာ အဲ့ဒါကြောင့်လုပ်ဖြစ်တာ" ဟုပြောသည်။

ဇီဝိတဒါန သံယာ့ဆေးရုံကြီး (ရန်ကုန်)၏ အလှူမှင်္ဂလာဈေးရောင်းပွဲတော်သို့ နှစ်စဉ်လာရောက်သည့် ဝိုလ်တာထောင်မြို့နယ်နေ ဒေါ်မြင့်မြင့်ဆွေက "ဒီမှာက စားရသောက်ရတာ အဆင်ပြေတယ်။ ဒီမှာဝယ်စားတာ ဆိုတာကလည်း လှူတာတစ်မျိုးပါပဲ" ဟုပြောသည်။

ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်တို့က အလှူမှင်္ဂလာ ဈေးရောင်းပွဲတော် ဆိုင်းဘုတ်ကို စက်ခလုတ်နှိတ်ဖွင့်လှစ်ပေးပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် ၊ဒုတိယဥက္ကဋ္ဌ (၁)ဦးဝင်းလွင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) သီရိပုံချီ ဦးအောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက်နိုင်ငံကျော်အဆိုတော် တေးသံရှင် ရွှေယမင်းဦးက အလှူမှင်္ဂလာဈေးရောင်းပွဲတော်ထုတ်ကြေညာ ထောပနာ ရတုပိုဒ်စုံကို သီဆိုပေးပြီး ညပိုင်းတွင် ဈေးရောင်းပွဲတော်လာ ပရိသတ်များအား အလက်ဘဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေခဲ့ကြသည်။

(မင်းသစ်)

စာပေမြင့်မှ လူမျိုးတင့်မည်

"သတင်းစာဆရာတွေကိုလည်း ချီးကျူးဂုဏ်ပြုပေးပါ၊ သမ္မတကြီးလက်ထက်မှာ သတင်းစာဆရာတွေကိုလည်း စည်သူဘွဲ့ပေးသင့်ပါတယ်"

ဟံသာဝတီဦးအုန်းကြိုင်

တိုင်းပြည်၏ နား၊ မျက်စိဖြစ်သည့် စာပေပညာရှင်များသည် မိမိတို့တတ်ကျွမ်းသည့် စာပေပညာဖြင့် စာကောင်းပေမွန်များရေးသားကာ အသိဉာဏ်ဗဟုသုတများကို စာဖတ်သူပြည်သူများအား ဖြန့်ဝေပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စာပေသမိုင်းကို ပြန်ပြောင်းဖွင့်လှစ်ကြည့်မည်ဆိုပါက စာပေပညာရှင်များသည် လူပင်သေသွားသော်ငြား ၎င်းတို့ရေးသားခဲ့သည် စာပေများသည် တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုနေဆဲ၊ အကျိုးပြုနေဦးမည်ဖြစ်သည်။ ဒီဇင်ဘာလ ၁၉ ရက်နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည့် စာဆိုတော်နေ့အခမ်းအနားတွင် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုစာပေများကို ရေးသားခဲ့သည့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာသူများနှင့် ကန်တော့ခံသက်ကြီးစာပေရှင်ကြီးများအား တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်-

ပြည်ထောင်စုဝန်ကြီး ဦးရဲထွန့်

လယ်တွင်းသားစောချစ်

စည်သူဦးဌေးမောင်

ရွှေမြိတ်သောင်းတင်

ဆရာမကြီး ယုဝတီခင်ဦး

ဟံသာဝတီဦးအုန်းကြိုင်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွန့်

" ဒီပွဲကတော့ အရင်ကတည်းက ပြန်ကြားရေးဝန်ကြီးဌာနက စာပေစာနယ်ဇင်းနဲ့ပေါင်းပြီး အမြဲတမ်းလုပ်ခဲ့တဲ့ပွဲပေါ့။ အခုတော့ စာရေးဆရာအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စေတနာရှင်တွေပေါင်းပြီး လုပ်တာပေါ့။ အဓိကပြောချင်တာက သတင်းစာဆရာကြီးတွေ၊ စာရေးဆရာကြီးတွေဟာ ဘာပဲပြောပြော သူတို့ခေတ်သမိုင်းတစ်လျှောက်မှာ ကျွန်တော်တို့အတွက် အကျိုးရှိမယ့်စာပေတွေကို ရေးခဲ့ကြတယ်။ အဲ့ဒီလိုရေးခဲ့ကြတဲ့ သူတို့ရဲ့ကျေးဇူးကိုပြန်ပြီး တုံ့ပြန်နိုင်တဲ့အချိန်မှာ ကျွန်တော်တို့ ပြန်ပြီးတော့ တုံ့ပြန်တာပေါ့။ ဒီလိုပွဲမျိုးက နိုင်ငံရေးအရ၊ အယူဝါဒရေးအရ၊ ဘာသာရေးအရ လုံးဝကွဲပြားမှုမရှိဘဲ ပူဇော်ထိုက်သူကို ပူဇော်တဲ့ပွဲပါပဲ။ ပြီးရင် ကိုယ့်ကိုယ်ကိုယ်လည်း ပြန်သုံးသပ်ရတာပေါ့။ ဒီစာရေးဆရာကြီးတွေ စာပေနဲ့လုပ်ခဲ့တဲ့ သတင်းစာအတတ်ပညာနဲ့ ပြည်သူတွေကို တာဝန်ကျေခဲ့သလို ကျွန်တော်တို့လည်း စာပေနဲ့ မကျေနိုင်ရင် ဘယ်လိုလုပ်ငန်းမျိုးနဲ့ ကိုယ့်လူအဖွဲ့အစည်းကို တာဝန်ကျေနိုင်အောင် ကျိုးစားမယ်ဆိုတဲ့ စိတ်ကို နှလုံးသွင်းရတာပေါ့။

နောက်နှစ်တွေက နောက်တက်လာမယ့် အစိုးရလက်ထက်မှာ ပြန်ကြားရေးဝန်ကြီးဌာနရှိရင် ဌာနကလုပ်မှာပေါ့။ ပြန်ကြားရေးဝန်ကြီးဌာန မရှိတော့ရင်တောင် ဘာပဲပြောပြော အစိုးရတစ်ရပ်အနေနဲ့ သတင်းစာဆရာတွေ၊ စာပေပညာရှင်ကြီးတွေကို အလေးဂရုပြုတဲ့ အစဉ်အလာကို ဆက်ထိန်းသိမ်းသွားပြီးတော့မှ သင့်တော်တဲ့ အဖွဲ့အစည်းတစ်ခုကနေပြီးတော့ ပူးပေါင်းဆောင်ရွက်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌ

ကျွန်တော်တို့နိုင်ငံမှာ ၁၃၀၆ ခုနှစ်ကစပြီး နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့တာ အခုဆို ၇၁ နှစ်ရှိပါပြီ။ နတ်တော်လဆန်း ၁ ရက်နေ့ စာဆိုတော်နေ့မှာ နိုင်ငံတော်မှာ ဟိုးရှေးအစဉ်အလာနဲ့အညီ စာပေဆုပေးပွဲတွေ ကျင်းပခဲ့ပါတယ်။ ဒီနှစ်လည်း ဒီဇင်ဘာ ၁၂ ရက်နေ့က အမျိုးသားဇာတ်ရုံမှာ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံစာရေးဆရာအသင်းကလည်း အသက်အရွယ်အားဖြင့် ကြီးရင့်တဲ့ ဆရာကြီးတွေရဲ့ စာပေဂုဏ်ကို အောက်မေ့ပြီး အခုလိုပူဇော်ကန်တော့ပွဲ ကျင်းပတာဖြစ်ပါတယ်။ စာရေးဆရာ၊ ဆရာမကြီးတွေ ရေးသားတဲ့ သုတ၊ ရသစာပေတွေကြောင့် အသိဉာဏ်ပညာတွေတိုးရတယ်။ အလိမ္မာတွေရတယ်။ ဒါ့ကြောင့် ကျေးဇူးကြီးတယ်။ ဒီလို စာရေးဆရာကြီးတွေလိုပဲ စာကောင်းပေမွန်တွေရေးသားဖို့ မျိုးဆက်သစ်ကို လက်ဆင့်ကမ်းနိုင်ဖို့ ဒီရည်ရွယ်ချက်စေတနာတွေနဲ့ ဒီကန်တော့ပွဲကို ကျင်းပတာဖြစ်ပါတယ်။

စည်သူဦးဌေးမောင်(ကန်တော့ခံသက်ကြီးစာပေပညာရှင်)

အခု အသက်က ၉၀၊ စာရေးသက်က ၇၅ နှစ်။ ၁၉၄၇ ထဲက စာရေးခဲ့တာ ခုချိန်ထိ။ စာစရေးတော့ လွတ်လပ်ရေးမရသေးဘူး။ အဲဒီတုန်းက ကျွန်တော်က ချောက်မြို့နယ် ပြည်သူ့ရဲဘော်ခေါင်းဆောင်။ ပိုလ်ချုပ်အောင်ဆန်းတစ်မျိုးသားလုံး တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်နေချိန် ကျွန်တော်က မြို့နယ်အလိုက် ပါဝင်ခဲ့တယ်။ စာရေးဆရာဆိုတာ ဟိုးခေတ်အခါက နာမည်ကြီး ထမင်းတတ်ပေါ့။ စာရေးဆရာက နေရာမရဘူး။ ခုနောက်ပိုင်း နိုင်ငံတော်က စာရေးဆရာတွေကို အသိအမှတ်ပြုလာတဲ့အခါကျမှသာ စာရေးဆရာတွေ နေရာရလာတယ်။ မျက်နှာပွင့်တာပေါ့။ နိုင်ငံတော်သမ္မတ ချီးမြှင့်တဲ့ စည်သူဘွဲ့လည်းရခဲ့ပါတယ်။ အခုလိုပူဇော်ပွဲတွေလုပ်ပြီး လက်အုပ်ချီမိုးကန်တော့တာမြင်တော့ ဝမ်းလည်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

စာရေးဆရာ ရွှေမြိတ်သောင်းတင် (ကန်တော့ခံသက်ကြီးစာပေပညာရှင်)

စာပေသက်တမ်း ၅၇ နှစ်တာကာလမှာ ကန်တော့ခံရတာ နှစ်ကြိမ်ရှိပါပြီ။ ကာလအရှည်ကြီး ဖြတ်သန်းဖို့ဆိုတာ စာပေဝါသနာကြီးမှရတာ။ စာပေသမားရဲ့ စိတ်ဆိုတာ ကိုယ့်စာဖတ်ပရိသတ် ပြည်သူတွေ ကောင်းကျိုးချမ်းသာ အတွက်သာ အရေးကြီးတယ်။ မိမိကိုယ်တိုင် ချမ်းသာတာ ဆင်းရဲတာအကြောင်း မဟုတ်ဘူး။ စာရေးဆရာဆိုတာ တော်ရုံဇွဲနဲ့ မရဘူး။ ကိုယ့်စာဖတ်ပရိသတ်က ကိုယ်ပေးလိုက်တဲ့ ကိုယ်ပေးချင်တဲ့ သင်ခန်းစာတွေ၊ ဗဟုသုတတွေ သူတို့ဘဝအတွက်ရသွားရင် ဝမ်းသာတယ်။ အသက်ကကြီးလာတဲ့အခါကျတော့ ကိုယ့်ကိုတလေးတစားနဲ့ ဂါရဝပြုတာ ဆက်ဆံတာကို အလွန်ဝမ်းသာတယ်၊ ကြည်နူးတယ်။

စာရေးဆရာမကြီး ယုဝတီခင်ဦး

စာရေးဆရာကြီး၊ ဆရာမကြီးတွေ ဆိုတာ ငယ်ငယ်တည်းက စာရေးလာခဲ့တာ။ ကျွန်မဆိုလည်း ကလေးအထူးကုဆရာဝန်ဖြစ်တဲ့ အခါကျတော့ ကိုယ့်ရဲ့အတွေ့အကြုံတွေကို စာရေးတယ်။ ပညာပေးဆောင်းပါးတွေရေးတယ်။ ဝတ္ထုတွေရေးတယ်။စာရေးဆရာတွေဟာ စာရေးရင် စာဖတ်သူတွေ အသိဉာဏ်တွေတိုးပါစေဆိုတဲ့ စေတနာနဲ့ရေးကြတာပါ။ စာပေပညာရှင်ကြီးတွေရဲ့ ဘဝကအမျိုးမျိုးရှိတဲ့ အခါကျတော့ သူတို့ဖြတ်သန်းရတဲ့ ဘဝအခြေအနေတွေကို အခြေခံပြီး ရေးသားခဲ့ကြတယ်။ ဘဝတွေနဲ့ ရင်းနှီးပြီး သိခဲ့ရတဲ့အသိတွေကို ရေးသားခဲ့တဲ့ စာပေတွေကလည်း စာဖတ်သူတွေကို အများကြီး အကျိုးဖြစ်စေတယ်။ အဲဒီလို စာပေပညာရှင်ကြီးတွေကို စာဆိုတော်နေ့မှာ စာရေးဆရာအသင်းကနေပြီးတော့ စုပေါင်းပြီး ကန်တော့တာ သက်ကြီးပူဇော်ပွဲလုပ်တာ အင်မတန်မှ ဝမ်းသာတယ်။ အခုလို စာရေးဆရာကြီးတွေကို တန်ဖိုးထားပြီးနိုင်ငံတော်က အားပေးတယ်၊ ချီးမြှောက်တယ်ဆိုရင် စာရေးတဲ့ဆရာကြီးတွေလည်း အင်မတန်မှ ကြည်နူးပြီး စာရေးဖို့ပိုပြီးတွန်းအားတွေဖြစ်တာပေါ့။

ဟံသာဝတီဦးအုန်းကြိုင်(ကန်တော့ခံသက်ကြီးစာပေပညာရှင်)

အဘက သတင်းစာဆရာတစ်ယောက်ဖြစ်သလို စာရေးဆရာတစ်ယောက်လည်း ဖြစ်ပါတယ်။ ဒီစာပေအဖွဲ့ကလုပ်တဲ့ ပူဇော်ကန်တော့တဲ့ပွဲကိုတက်တာ ဒီနှစ်ပါဆို ၆ နှစ်ရှိပါပြီ။ အခုလို မသေခင်မှာ အပေါင်းအသင်းတွေနဲ့ ပြန်တွေ့ရတော့ ဝမ်းသာတယ်။ ကျွန်းမာရေးမကောင်းတဲ့ သူတွေလည်းလာတာတွေ့ရတယ်။ ဒီလို အဘိုးအဘွားအရွယ်တွေဖြစ်နေပြီဖြစ်တဲ့ သက်ကြီးစာရေးဆရာ၊ ဆရာမကြီးတွေကို ပြန်တွေ့ခွင့်ရတဲ့အတွက် ဒီအခမ်းအနားဟာ အင်မတန် မင်္ဂလာရှိတယ်လို့ပြောချင်ပါတယ်။ စာရေးဆရာ၊ သတင်းစာဆရာကြီးတွေထဲမှာလည်း လွတ်လပ်ရေးတိုက်ပွဲတွေမှာ ပါဝင်ထမ်းရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ အခု အိုမင်းနေကြပါပြီ။ အဲဒီပုဂ္ဂိုလ်တွေကိုလည်း ဂုဏ်ထူးဘွဲ့ထူးတွေချီးမြှင့်ဖို့ လုပ်ပါဦးလို့ပြောချင်ပါတယ်။အမှန်က စာရေးဆရာ၊ သတင်းစာဆရာဆိုတာ တိုင်းပြည်ရဲ့ ရှေ့ဆောင်ရှေ့ရှက်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေ အစစ်အမှန်ပါပဲ။ ဘာတို့ တာဝန်ထမ်းဆောင်စဉ် အခါကဘာကိုယ်ကျိုးစီးပွားမှ မကြည့်ခဲ့ကြဘူး။ ဝါသနာကို တစိုက်မတ်မတ်လုပ်ခဲ့ရတယ်။ ငတ်ငတ်ပြတ်ပြတ်နဲ့ လုပ်လာကြတာ လွတ်လပ်ရေးတိုက်ပွဲမှာလည်း ရှေ့ဆုံးကပါခဲ့ကြတယ်။ သတင်းသမားတွေဟာ တိုင်းပြည်အတွက် လိုအပ်ချက်တွေရှိရင် ထောက်ပြကြတယ်။ ဝေဖန်ကြတယ်။ ဒ့ကြောင့်သတင်းသမားတွေကိုလည်း ချီးမြှင့်ထိုက်တယ်လို့ အဘတိုက်တွန်းပြောကြားလိုတာပါ။ နောက်ပြီး သမ္မတကြီးကို ပြောချင်တာတစ်ခုရှိတယ်။ စာရေးဆရာကြီးတွေ ချီးကျူးဂုဏ်ပြုသလို သတင်းစာဆရာတွေကိုလည်း ချီးကျူးဂုဏ်ပြုပေးပါ။ သမ္မတကြီးလက်ထက်မှာ သတင်းစာဆရာတွေကိုလည်း စည်သူဘွဲ့ပေးသင့်ပါတယ်လို့ ပြောချင်ပါတယ်။

ကမ္ဘာလှည့်တင်တင်စိန်

ကမ္ဘာလှည့်တင်တင်စိန်(ကန်တော့ခံသက်ကြီးစာပေပညာရှင်)

အသက်အရွယ်က ကြီးရင့်လာတော့ သာသနာပြုလုပ်ငန်းတွေ လုပ်နေပါတယ်။ စာရေးဆရာမ တစ်ယောက်အနေနဲ့ အခုလို ကန်တော့ခံရတာ ဝမ်းသာပါတယ်။ မော်တော်ဆိုင်ကယ်တစ်စီးနဲ့ မြန်မာ့သမိုင်းမှာ ပထမဆုံးကမ္ဘာပတ်ပြီး စွန့်စားခဲ့တဲ့သူပါ။ အဲဒီလိုသွားခဲ့တဲ့ အတွေ့အကြုံတွေကို မှတ်တမ်းစာပေတွေရေးခဲ့ပါတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ စာပေခရီးကို ဖြတ်သန်းရတာ အင်မတန်မှ ခက်ခဲပါတယ်။ မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ နိုင်ငံတကာကလေးစားအသိအမှတ်ပြုတာ ခံခဲ့ရပေမယ့် ကိုယ့်နိုင်ငံမှာတော့ ကိုယ့်ကို အလေးထားတာမခံခဲ့ရပါဘူး။ အခုအသက်က ၈၀ ကျော်လာပြီဆိုတော့ ပြည်သူ့အကျိုးပြု၊ နိုင်ငံအကျိုးပြုစာပေ တွေရေးသွားဖို့ရှိပါတယ်။

တွေ့ဆုံမေးမြန်း-သီသီမင်း၊
မာတ်ပုံ-အောင်မင်း(ဒလ)

စာဆိုရာသီ မြန်မာပြည်

* သည်ဆောင်းဟေမန်လနတ်တော်
  မြောက်ပြန်လေညင်းဆော်၊
  လသော်တာနင့်တူယှဉ်ကပ်
  မိဂသီ နက္ခတ်။
* ရာသီရက်မြတ် ဓနုတွင်
  ဂမုန်းပန်းသဇင်၊
  နိုင်ငံတစ်ခွင်ပါဝင်နဲ့
  စာပေဆုနှင်းပွဲ။
* ရပ်ကွက်ထဲက ကွင်းပြင်မှာ
  ဟောပြော စာရေးဆရာ၊
  ကဗျာ၊ ကာတွန်း မကျန်ရ
  စင်ပေါ်အလှည့်ကျ။
* ဗဟုသုတ မှတ်မကုန်
  စာပေဝမ်းစာစုံ၊
  ရန့်ထုံသင်းသည်ဆောင်းတွင်း
  စာပေဂုဏ်သတင်း။
* အိုမင်းလာတဲ့ ကလောင်ရှင်
  ကန်တော့ကြန့်စည်၊
  ထောင်နားဆင်တိုင်းကောင်းကျိုးရ
  သူတို့ဩဝါဒ
  တန်ဖိုးအနှဲ့။ ။

မောင်ကျေးဇူး

ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 2 အပိုင်းအား သုံးနှစ်အတွင်း အပြီးသတ်ဆောက်လုပ်ရန်မျှော်မှန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်နေပြီဖြစ်သော မြေနေရာဧရိယာ ၁၄ ဒသမ ၈၉ ဧကပေါ်၌ ဆောက်လုပ်နေသည့် ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 2 အပိုင်းမှာစီမံကိန်းစတင်နေပြီဖြစ်ပြီး သုံးနှစ်အတွင်း အပြီးသတ်ဆောက်လုပ်ရန်မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ ငွေကျပ် ဘီလီယံ ၂၀ အထက်အကုန်အကျခံဆောက်လုပ်မည့် ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 2 အပိုင်းမှာ လက်ရှိလူနေထိုင်နေကြပြီဖြစ်သော ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 1 အပိုင်း အနီး၌ ဆောက်လုပ်နေခြင်းဖြစ်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ပိုလ်မျူဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းထောင့် ဆုံရာနေရာ၌ တည်ရှိသည်။ ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 2 အပိုင်း၌ အိမ်ခန်းအကျယ် စတုရန်းပေ ၉၀၀ အကျယ်အဝန်းရှိ အထပ်မြင့် ရှစ်ထပ်တိုက် အဆောက်အအုံ ၂၀ နှင့် အိမ်ခန်းအကျယ် စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိ အထပ်မြင့် ရှစ်ထပ်တိုက် အဆောက်အအုံ ရှစ်လုံးတို့အား ဆောက်လုပ်သွားမည်ဖြစ်ပြီး စုစုပေါင်း အဆောက်အအုံ ၂၈ လုံး ဆောက်လုပ်သွားမည်ဖြစ်ကာ အိမ်ခန်းပေါင်း ၈၉၆ ခန်း ပါဝင်မည်ဖြစ်သည်။

ဆောက်လုပ်မည့် အိမ်ခန်းအကျယ် စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိ အိမ်ခန်းများအတွင်း ဧည့်ခန်း၊ အိပ်ခန်း နှစ်ခန်း၊ ရေချိုးခန်း၊ မီးဖိုခန်းများပါဝင်ပြီး အိမ်ခန်းအကျယ် စတုရန်း ပေ ၉၀၀ အကျယ်အဝန်းရှိ အိမ်ခန်းများအတွင်း ဧည့်ခန်း၊ အိပ်ခန်း သုံးခန်း၊ ရေချိုးခန်း၊ မီးဖိုခန်းများပါဝင်ကာ အဆောက်အအုံများအတွင်း လှေကားအပါအဝင် ဓာတ်လှေကားများ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။

အိမ်ခန်း ၁၆ ခန်းလျှင် ရှစ်ယောက်စီ ဓာတ်လှေကား တစ်စင်းစီ ထည့်သွင်းဆောက်လုပ်မည်ဖြစ်ပြီး အဆောက်အအုံ တစ်လုံး၏ Floor တစ်ခုလျှင် လေးခန်းတွဲပါ အထပ်မြင့် ရှစ်ထပ်ဖြင့် အိမ်ခန်းပေါင်း ၃၂ ခန်းပါဝင်ဆောက်လုပ်မည်ဖြစ်သည်။ အဆောက်အအုံများ၏ မြေလွတ်နေရာများ၌ ကလေးကစားကွင်းများ၊ မြေရာရှုခင်းများ၊ ကားပါကင်များ ပါဝင်မည်ဖြစ်ပြီး Phase 1 အပိုင်းကဲ့သို့ပင် ပုံစံတူဆောက်လုပ်သွားမည်ဖြစ်သည်။

လုပ်ငန်းခွင်အတွင်း ဖောင်ဒေးရှင်းလုပ်ငန်းများ၊ ပိုင်ဖောင်ဒေးရှင်းလုပ်ငန်းများနှင့် ပိုင်ကပ်များဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ပြီး အဆောက်အအုံ၏ ကျန်ရှိအပိုင်းဖြစ်သည့် Wall နှင့် ဘေများအား မင်္ဂလာဒုံမြို့နယ်ရှိ Precast စက်ရုံမှ ထုတ်လုပ်ကာ တိုက်ရိုက်တပ်ဆင်ဆောက်လုပ်သွားမည်ဖြစ်သည်။ ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 2 အပိုင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းဝင်အင်ဂျင်နီယာ ရှစ်ဦးနှင့် လုပ်သားအင်အား ၇၀ တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပိုလ်ဗထူး တန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 2 အပိုင်း၏ စီမံကိန်းဒါရိုက်တာဒေါ်စိုးစိုးတင်က "ပထမ Phase 1 အပိုင်းတုန်းက အခန်းတွေရောင်းချဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်စျေးနှုန်းနဲ့ ပြည်သူတွေကို စီစဉ်ရောင်းချပေးပါတယ်။ အိမ်ခန်းဝယ်ယူခွင့် လျှောက်လွှာတွေခေါ်ယူပြီး အရစ်ကျငွေပေးချေစနစ်နဲ့ ရောင်းချပေးခဲ့ပါတယ်။ အဲဒီတုန်းကဆို အိမ်ခန်းဝယ်ယူကြမယ့်ပြည်သူတွေရဲ့ လျှောက်လွှာပေါင်း ၁၃၀၀၀လောက်ထိ လက်ခံရရှိခဲ့ပါတယ်။ ဒါပေမယ့် အိမ်ခန်းကျတော့ ၄၄၈ ခန်းပဲရှိခဲ့တဲ့အတွက် အိမ်ခန်းဝယ်မယ့် ပြည်သူများအတွက် မဲနှိုက်စနစ်ပြုလုပ်ပေးခဲ့ရပါတယ်။ ဒါကြောင့် လိုအပ်ချက်တွေဖြစ်လာလို့ ခုလို Phase 2 အပိုင်းကို ထပ်ပြီး ဆောက်လုပ်တာပါ။ နေထိုင်တဲ့ပြည်သူများအတွက် ဒီလိုအချက်အချာကျတဲ့နေရာမှာ စျေးနှုန်းသက်သာစွာနဲ့ နေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ Phase 2 အပိုင်းလုပ်ဆောင်တဲ့အခါမှာ လျှပ်စစ်မီးအခက်အခဲတစ်ခုတော့ရှိနေပါတယ်။ အိမ်ခန်းနေပြည်သူများ လျှပ်စစ်မီးအလုံအလောက်ရရှိဖို့အတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနဲ့လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု ရှင်းပြသည်။

လက်ရှိအနေအထားအရ အိမ်ခန်းအကျယ် စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိ အထပ်မြင့် ရှစ်ထပ်တိုက်အဆောက်အအုံ လေးလုံးအတွက် ပိုင်ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ပိုင်ကပ်လုပ်ငန်းများလည်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ အောက်ခြေပိုင်း Bean ဆောင်ရွက်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ပြီး အိမ်ခန်းအကျယ် စတုရန်းပေ ၉၀၀ အကျယ်အဝန်းရှိ အထပ်မြင့် ရှစ်ထပ်တိုက်အဆောက်အအုံ လေးလုံး ပိုင်ရိုက်ခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်ကာ အဆောက်အအုံများ၏ ကြမ်းခင်းပြားများ၊ နံရံပြားများတပ်ဆင်ရန်အတွက် စက်ရုံ၌ ထုတ်လုပ်နေပြီဖြစ်သည်။

မူလ ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 1 အပိုင်းရှိ အိမ်ခန်းများ ရောင်းချခဲ့စဉ်က အိမ်ခန်းအကျယ် စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိ အခန်းတစ်ခန်းလျှင် ငွေကျပ် ၂၅၅ သိန်းဖြင့်ရောင်းချခဲ့ပြီး အိမ်ခန်းအကျယ် စတုရန်းပေ ၉၀၀ အကျယ်အဝန်းရှိ အခန်းတစ်ခန်းလျှင် ငွေကျပ် ၃၄၇ သိန်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။ မြေဧရိယာ ၅ ဒသမ ၂၆ ဧကရှိ Phase 1 အပိုင်းတွင်လည်း အထပ်မြင့် ရှစ်ထပ်တိုက်အဆောက်အအုံ ၁၄ လုံးရှိပြီး အခန်းပေါင်း ၄၄၈ ခန်းရှိခဲ့ကြောင်း သိရကာ ငွေကျပ် ၁၂ ဘီလီယံ အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 1 အပိုင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Myanmar V-Pile ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိဆောက်လုပ်နေသော ပိုလ်ဗထူးတန်ဖိုးမျှအိမ်ရာစီမံကိန်း Phase 2 အပိုင်းကို ယခုနှစ် ဒီဇင်ဘာလတွင် စီမံကိန်းစတင်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- စိုးဝင်း(MLA)

စက်မှုစနစ်ကျ လယ်ယာမြေများအကောင်အထည်ဖော်ဆောင်ရွက်

ရေတာရှည် ဒီဇင်ဘာ ၁၉

လယ်ယာ စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအတွက် ထွက်နှုန်းကောင်းမွန်၍ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် ရင်းနှီးကျွမ်းဝင်စေမည့် စက်မှုစနစ်ကျ လယ်ယာမြေများ ဖော်ထုတ်ခြင်း လုပ်ငန်းများအဖြစ် ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၆၅၈) တွင် လယ်မြေ ၁၀၅ ဒသမ ၂၉ ဧကအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စက်မှု လယ်ယာဦးစီးဌာနမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"လက်ရှိ နွေစပါးစိုက်ပျိုးချိန်အမီ မြေပြုပြင်တာ၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းနဲ့ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းတွေ ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဝင်းမွန်က ပြောသည်။

ထို့အတူ တောင်သူများ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် စက်များ ဌားရမ်းသုံးစွဲပါကလည်း ဌာနမှ သတ်မှတ်ထားသော သက်သာသည့် နှုန်းထားများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် အခမဲ့ကုသပေးသည့် ဆေးဝါးများအား ပွင့်လင်းမြင်သာစွာ ဖော်ပြထားရှိ

မန္တလေး ဒီဇင်ဘာ ၁၉

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် အခမဲ့ထောက်ပံ့ကုသပေးသည့်ဆေးဝါးများအား အများပြည်သူများသိရှိစေရန် ပွင့်လင်းမြင်သာစွာ ဖော်ပြပေးထားကြောင်း သိရသည်။

အဆိုပါ ဆေးရုံကြီးသို့ ရောဂါအမျိုးမျိုးဖြင့် လာရောက်ကုသကြသည့်လူနာများအတွက် အခြေခံအများသုံးစွဲလျက်ရှိသည့် ဆေးဝါးများဖြင့် အခမဲ့ကုသပေးလျက်ရှိရာ နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ဆေးဝါးများ၏ အမည်စာရင်းများကို ဆေးရုံကြီး၏ အရေးပေါ်လူနာ လက်ခံကုသဆောင်နှင့် သက်ဆိုင်ရာလူနာဆောင်များတွင် ပွင့်လင်းမြင်သာစွာကြေညာပေးထားကြောင်း ၎င်းဆေးရုံကြီးမှ ဆေးလူမှုဆက်ဆံရေး အရာရှိ ဦးမင်းလွင်က ပြောသည်။

"လူနာတွေအတွက် အခမဲ့ထောက်ပံ့ပေးမယ့် ဆေးဝါးတွေကို ရောဂါအလိုက် တစ်နှစ်စာခန့်မှန်းတွက်ချက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနကို ကြိုတင်တောင်းခံထားရပါတယ်။ ဒါ့အပြင် အရေးပေါ် စမ်းသပ်စစ်ဆေးမှုတွေနဲ့ ဓာတ်မှန်ရိုက်ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းတွေကိုလည်း အခမဲ့ဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းက ပြောသည်။

ယခုလအတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ခွေးကိုက်ခံရ၍ လာရောက်ကုသမှုခံယူသူ ကလေးငယ်တစ်ဦးကို ဆေးဝါးထောက်ပံ့မှုမပေးနိုင်ခဲ့ကြောင်း ၎င်းကလေး၏ မိခင်ဖြစ်သူ မဆန္ဒအောင်က ပြောသည်။

"ကျွန်မသမီးခွေးကိုက်ခံရလို့ ဆေးရုံကြီးကိုသွားပြတာ ဆေးမရှိလို့အပြင်ကဝယ်ပြီး ကုသခဲ့ရတယ်။ အခမဲ့ကုသပေးတာကြားရပေမယ့် တကယ့်လက်တွေ့မှာ မခံစားခဲ့ရပါဘူး"ဟု ၎င်းက ပြောသည်။

ပြည်သူများအတွက် တစ်နှစ်စာကြိုတင်ခန့်မှန်းတောင်းခံထားသည့် ဆေးဝါးများအနက် တချို့ဆေးဝါးများမှာ သတ်မှတ်ချက်ထက်ကျော်လွန်အသုံးပြုခဲ့ရသဖြင့် ခန့်မှန်းသည်ထက်စာ၍ ဆေးပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပြီး အချိန်မီထပ်မံတင်ပြတောင်းခံရမှုများရှိသဖြင့် ၎င်းအချိန်အတွင်း တိုက်ဆိုင်စွာ လာရောက်ကုသမှုခံယူသူများအတွက် ထောက်ပံ့မှုမပေးနိုင်ခဲ့ခြင်းကြောင့် လူနာများ အိပ်စိုက်ကုန်ကျမှုများနှင့် နားလည်မှုလွဲမှားခြင်းများကိုလည်း စိတ်မကောင်းစွာတွေ့မြင်ကြားသိနေရကြောင်း ဆေးလူမှုဆက်ဆံရေးအရာရှိက ဆိုသည်။

"ဒီလို ဆေးပြတ်လပ်နေတဲ့ အခြေအနေတွေမှာ အမှန်တကယ် မတတ်နိုင်တဲ့ လူနာတွေအတွက် ဆေးဝါးထောက်ပံ့ပေးနိုင်အောင် အလျှုရှင်တွေရှာဖွေပြီး ဆက်သွယ်ဆောင်ရွက်ထားပါတယ်။ လက်ရှိမှာလည်း ဒီဆေးရုံကြီးကို လူနာတွေအတွက် အစားအသောက်၊ အာဟာရတွေ အပြင် ဆေးဝါးတွေ၊ အဝတ်အထည်တွေနဲ့ အားပြုကိရိယာတွေလည်း လာရောက် ဆက်သွယ်လျှုဒါန်းနေပါတယ်"ဟု ၎င်းကပြောသည်။

နိုင်ငံတော်အစိုးရမှ ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နှစ်စဉ်ဘတ်ဂျက်ငွေများ တိုးမြှင့်ချထားပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် ငွေကျပ် ၆၅၂ ဘီလီယံကျော်ခွင့်ပြုခဲ့ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၇၀၈ ဘီလီယံကျော် တိုးမြှင့်ချထားပေးခဲ့ကာ အလုံးစုံထိရောက်မှုရှိရန် ဆောင်ရွက်နေသော်လည်း လိုအပ်ချက်များလည်း ရှိနေသေးကြောင်း သိရသည်။

မန်းထက်အောင်(မန်းကိုယ်ပွား)

အိမ်မဲတွင် သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ် တောင်သူများ ပြန်လည်လုပ်ကိုင်ခွင့်ရရှိ၍ အကျိုးစီးပွားဖြစ်ထွန်း

အိမ်မဲ ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ သိမ်းယူထားခဲ့သော ကျွဲ၊ နွား စားကျက်မြေများအနက် ကျေးရွာအုပ်စု သုံးအုပ်စုမှ ဧရိယာ ဧက ၂၉၀ အား ပြန်လည်စွန့်လွှတ်ပြီးဖြစ်သည့်အတွက် ယခုအခါ လုပ်ကိုင်ခွင့်ရ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်လျက် နွေစပါးရာသီအတွက် ထွန်ရေးဝင် စိုက်ပျိုးရန်ပြင်ဆင်နေကြပြီဖြစ်ကြောင်း သိရသည်။

အိမ်မဲမြို့နယ်အတွင်း ဝါးခရယ်ကျေးရွာအုပ်စုမှ ဧက ၂၀ ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း၊ ကန်ကြီးဒေါင့်ကျေးရွာအုပ်စုမှ ဧက ၂၁၀ ကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း၊ ရေသိုးညောင်ပိုင်းကျေးရွာအုပ်စုမှ ဧက ၆၀ကို ၂၀၁၄ ခုနှစ် ဧပြီလတွင် လည်းကောင်း၊ စုစုပေါင်း ကျေးရွာအုပ်စု သုံးအုပ်စုမှ ဧရိယာ ဧက ၂၉၀ တို့အား အသီးသီး ပြန်လည်စွန့်လွှတ်ပေးအပ်ခဲ့ရာ အိမ်မဲမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ စီမံဆောင်ရွက်မှုဖြင့် သက်ဆိုင်ရာ ကျေးရွာအုပ်စုများမှ တောင်သူ ၁၈၅ ဦးတို့အား ခွဲဝေချထားပေးနိုင်ခဲ့ပြီး တောင်သူများ မိုးစပါး၊ နွေစပါးများ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိကြလျက် စိုက်ပျိုးသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ချင်းတွင်းမြစ်ရေလျှံတက် ဝင်ရောက်ခဲ့သည့် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် နွားစာရှားပါးသော်လည်း စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်း

မုံရွာ ဒီဇင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) တွင် ဇူလိုင်လနှင့် သြဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လာပြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မြစ်ရေများဝင်ရောက်ခဲ့ပြီး သိုလှောင်ထားသည့် နွားစာတိုက်များ ရေနစ်မြုပ်ပျက်စီးခဲ့ရာ ယခုအချိန်တွင် နွားစာများ ရှားပါးမှုဖြစ်ပေါ်နေကြောင်း သိရသည်။

နွားစာရှားပါးမှု အခြေအနေနှင့် ပတ်သက်၍ မုံရွာမြို့နယ် ဘုမ္မနိုးကျေးရွာမှ တောင်သူ ဦးသက်မိုးထွန်းက "သြဂုတ်လ အတွင်းက ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့လို့ နွားစာခြောက်တွေ၊ မြေပဲရိုးခြောက်၊ ပြောင်းပင်ခြောက်တို့ သိုလှောင်ထားတဲ့ နွားစာတိုက်တွေ မြစ်ရေနစ်မြုပ်ပျက်စီးခဲ့လို့ အခုရာသီမှာ နွားစာရှားပါးနေပါတယ်။ အရင်နှစ်တွေက ပျက်စီးမှုမရှိတော့ နွားစာလုံလောက်တယ်။ ဒီနှစ် နွားစာရှားတော့ ကိုင်းပင်အစိမ်းတွေတို့၊ မြက်တို့ရှာပြီး ရိတ်ကျွေးနေရတယ်။ ရွာက နွားစာတိုက်ကို ခပ်မြင့်မြင့် ဆောက်ထားသူတွေတော့ အနည်းငယ်ပဲ ပျက်စီးကြတယ်"လို့ ပြောသည်။

"တချို့တွေဆို နွားစာရှားတော့ အဌားရိတ်တို့၊ နေ့စားရိတ်ခိုင်းတဲ့သူရှိတယ်။ နွားစာကို အထုံးအပြတ်နဲ့ ရိတ်ရင် လူတစ်ရွက်စာဆိုရင် ငွေကျပ် ၅၀၀ လောက် ပေးရတယ်။ တစ်မနက်ခင်း အရိတ်ဌားမယ်ဆိုရင် လူတစ်ဦးကို ငွေကျပ် ၂၀၀၀ လောက်အထိ ပေးရတယ်။ တချို့ဆို ချောင်းဦးမြို့နယ်ထဲက ရှမ်းထူးကျေးရွာအထိ သွားပြီး နွားစာတွေကို ကြက်အုပ်ဆောင်းနဲ့ တစ်လုံးကို လမ်းစရိတ်အပါအဝင် တစ်ထောင်လောက်အထိ ပေးဝယ်ရတယ်။ ကျွန်တော်တို့ ရေဝင်ဒေသတွေမှာ မြစ်ရေလျှံတက်ဝင်ရောက်တော့ နွားစာတွေတော့ ရှားသွားတယ်။ ဒါပေမယ့် စိုက်ပျိုးရေးကျတော့ သီးနှံတွေ အောင်မြင် ဖြစ်ထွန်းတယ်။ လာမယ့် တပေါင်းလလောက် ဆို ဆောင်းသီးနှံတွေ ရိတ်သိမ်းကြပြီဆို နွားစာအဆင်ပြေပြီ"ဟု ၎င်းက ဆက်လက် ပြောသည်။

ဖိုးချမ်း(မုံရွာ)

ကြံတိုင်းအောင်ဆန်စက်အနီး ယာဉ်တစ်စီးဖြတ်မောင်းစဉ် သစ်သားတံတားကျိုးရ၍ လမ်းပိတ်ဆို့မှုဖြစ်ပွား

ကျောက်တံခါး ဒီဇင်ဘာ ၁၉

ကျောက်တံခါးမြို့နယ် ဖဒိုမြို့အဝင် ကြံတိုင်းအောင်ဆန်စက်နှင့် အမှတ် ၅ ရပ်ကွက် အလယ်တန်းကျောင်း (ခွဲ)ရှေ့ရှိ အရှည် ၁၅ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ၎င်းပေရှိ သစ်သားတံတားပေါ်တွင် ဒီဇင်ဘာ ၁၆ ရက်ည ၁၀ နာရီက ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်မောင်းနှင်လာသော ခြောက်ဘီးယာဉ် တစ်စီးဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျ၍ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ယာဉ်မှာ တံတားပေါ်တွင် ဘယ်ဘက်သို့ တိမ်းစောင်းလျက် ပိတ်ဆို့နေသဖြင့် ရန်ကုန်၊ ဖဒို၊ ကျောက်တံခါး၊ ကျောက်ကြီး၊ တောင်ငူ ခရီးသည်များ၊ မြန်မာ့သစ်လုပ်ငန်း သစ်လုံးတင်ကားများ၊ လမ်းခင်းကျောက်တင်ကားများ၊ ကုန်စိမ်းယာဉ်များ ရပ်တန့်စောင့်ဆိုင်းနေသည်။

လမ်းတံတားဦးစီးဌာနမှ ဖဒို-ကျွန်းကုန်းမြို့ချောင်းလမ်း မိုင်တိုင်(၆/၅)ရှိ တံတားအားဖျက်ပြီး အသစ်ပြုလုပ်ရာတွင် လမ်းလွှဲပေးခဲ့သည့်လမ်းမှ သစ်သားတံတားမှာ ခိုင်ခံ့မှုမရှိသောကြောင့် ကျိုးကျခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

တံတားကျိုးကျမှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုမပြုနိုင်ဘဲ တန်းစီစောင့်ဆိုင်းနေရသောကြောင့် အချိန်ကုန်ခြင်း၊ ကုန်စည်ပို့ဆောင်ရေးအတွက် ကုန်ပစ္စည်းများ အချိန်အခါနှင့် ဈေးကွက်သို့ မရောက်ရှိဘဲ ပျက်စီးရခြင်း အစရှိသည့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ မဖြစ်စေရန် ဖဒိုအုပ်ချုပ်ရေးမှူးမှ လမ်းဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ အနေအား လမ်းလွှဲခြင်းနှင့် တံတားများ ကောင်းအောင်ပြုလုပ်ပေးပြီးမှသာ တံတားကိုပြုပြင်ရန် ပြည်သူများထံမှ အကြံပြုမှုများ လည်းရှိခဲ့ကြောင်း သိရသည်။

ကိုသိန်းအေး(MJN)

❑

မျိုးစေ့ထုတ်ဂရုတ်စိုက်ခင်းများကြောင့် ဒေသခံအလုပ်သမားများ ဝင်ငွေကောင်းမွန်

ရေတာရှည် ဒီဇင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ဆွာချောင်းအနီးတွင် တရုတ်နိုင်ငံမှ မျိုးစေ့ထုတ် ဂရုတ်စိုက်ခင်းများ မြေဌားရမ်း၍ စိုက်ပျိုးလျက်ရှိရာ ဒေသခံများ အလုပ်အကိုင်ရရှိကာ နေ့စဉ် ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီမှာ မြေခုနစ်ဧကဌားပြီး စမ်းသပ်စိုက်ပျိုးတာ အောင်မြင်မယ်လို့ထင်တယ်။ စိုက်ပျိုးတဲ့ဂရုတ်မျိုးက အရှည်ရှစ်လက်မလောက်ရှိတယ်။ ရင့်မှည့်တဲ့အသီးတွေကနေ မျိုးစေ့ထုတ်ပြီး တရုတ်ပြည်မှာရှိတဲ့ စက်ရုံကိုပြန်ပို့ပြီး ပိုးသတ်သန့်စင်ထုပ်ပိုးပြီးမှ ပြည်ပစျေးကွက်ကို တင်ပို့တာပါ"ဟု စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကိုကျန်ကျောင်းက ပြောသည်။ အဖိုပင်မှ အမပင်သို့ ဝတ်မှုန်ကူးခြင်း၊ အပွင့်များချွေခြင်းနှင့် အခြားစိုက်ခင်းအတွက် လိုအပ်ချက်များအရ ဆွာ၊ တံတားကြီး၊ ကညင်အိုင်၊ ရေနီး၊ သရက်တော၊ အေးသာယာ၊ ဆွာမင်းလမ်းကျေးရွာများမှ ဒေသခံအလုပ်သမားဦးရေ ၃၀၀ ခန့် လုပ်ကိုင်နေကြကြောင်းသိရသည်။

"မနက် ရှစ်နာရီကနေ မွန်းတည့် ၁၂ နာရီထိနဲ့ မွန်းလွဲတစ်နာရီကနေ ညနေ လေးနာရီအထိဆင်းရတယ်။ အမျိုးသားဆိုရင် ကျပ် လေးထောင်၊ အမျိုးသမီးဆို သုံးထောင့်ခြောက်ရာကျပ် ညနေအလုပ်သိမ်းတာနဲ့ တစ်နေ့ချင်းရှင်းပေးတာ"ဟု အလုပ်သမားတစ်ဦးက ပြောသည်။

ဂရုတ်မျိုးစေ့ထုတ် စိုက်ခင်းများအတွက် ကျပ်ငွေ သိန်းပေါင်း ၁၂၀၀ ကျော်ရင်းနှီးမြှုပ်နှံထားပြီး စိုက်ပျိုးခင်းများ အောင်မြင်ရေးမှာ ရာသီဥတုနှင့်လည်း သက်ဆိုင်ကြောင်း ကိုကျန်ကျောင်းကပင် ဆက်၍ပြောသည်။ ယခုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပါက မြေနေရာများ တိုးချဲ့ဌားရမ်း၍လုပ်ကိုင်သွားမည်ဖြစ်ကာ ဒေသတွင်းနေထိုင်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုကောင်းမွန်နိုင် မည်ဖြစ်သည်။

ကိုလွင်(ဆွာ)

မြန်မာ-တရုတ် လူကုန်ကူးမှုတိုက်ဖျက်ရေး နယ်စပ်ဆက်ဆံရေးရုံးများမှ လူကုန်ကူးမှု ၁၃၉ မှု၊ လူပွဲစား ၃၉၆ ဦး ပူးပေါင်းဖော်ထုတ်နိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၉

လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိသော်လည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလအတွင်း လူကုန်ကူးမှု အမှုပေါင်း ၁၂၀ ဖြစ်ပွားခဲ့သည်။ ၎င်းတို့တွင် အမျိုးလက်ထပ်ထိမ်းမြားမှု ၆၈ မှု၊ ပြည်ပတန်ဆာ ၁၇ မှု၊ အမျိုးခိုင်းစေမှု ၃၃ မှု၊ ကလေးသူငယ်လူကုန်ကူးမှု နှစ်မှုတို့ဖြစ်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားပြီး ၂၀၀၅ ခုနှစ်မှစတင်ကာ ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် လူကုန်ကူးမှုတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကိုလည်း နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာနှင့် တရုတ် လူကုန်ကူးမှုတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများ (၈)ကြိမ်မြောက်အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပုသိမ်မြို့ ငွေဆောင်ကမ်းခြေရှိ ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါအစည်းအဝေးကို မြန်မာကိုယ်စားလှယ်အဖွဲ့မှ ရဲမှူးချုပ် ဝင်းနိုင်ထွန်း (တပ်ဖွဲ့မှူး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)က ဦးဆောင်ကာ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ UN-ACT၊ UNICEF၊ IOM ၊ Save the Children၊ World Vision တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြမည်ဖြစ်ပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့မှ အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် အမျိုးသားလုပ်ငန်းကော်မတီရုံး၊ နိုင်ငံတော်ကောင်စီ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် ၂၀၁၄ ခုနှစ် (၇)ကြိမ်မြောက်အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ ပြန်လည်သုံးသပ်ခြင်း၊ ပြောင်းလဲလာသည့် လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးခံရသူများအား စိစစ်မှုနှင့် ပြန်လည် လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်မှ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပေါ် ဆွေးနွေးကြမည်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူးတစ်ဦးက ပြောသည်။

ထိုအစည်းအဝေးများ ကျင်းပခြင်းမှတစ်ဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကိုလည်း ၂၀၀၉ ခုနှစ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံများအကြား လူကုန်ကူးမှု ကြိုတင်ကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ခြင်း၊ နှစ်နိုင်ငံ အကျိုးဝင်သော လူကုန်ကူးမှု မှုခင်းများအား ပူးတွဲစုံစမ်းခြင်း၊ မသက်ဆိုးများအား လွှဲပြောင်းပေးခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်လွှဲပြောင်းပို့ဆောင်ခြင်း၊ နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများ စုံစမ်းစစ်ဆေးခြင်းနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ခြင်းစသော ကဏ္ဍများတွင် ပူးတွဲသင်တန်းပြုလုပ်ခြင်း၊ နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများနှင့် ဆက်စပ်သည့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များဖလှယ်ခြင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသည့် နယ်စပ်ဒေသရဲများ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန်နှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မူဆယ် - ရွှေလီ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးကို ၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ လွယ်ဂျယ်-ကျန်းဖုန်းနယ်စပ်ဆက်ဆံရေးရုံးကို ၂၀၀၈ ခုနှစ်တွင်လည်းကောင်း၊ လောက်ကိုင်-နမ့်ဆန်နယ်စပ်ဆက်ဆံရေးရုံးကို ၂၀၁၄ မေ ၁၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးများရှိခြင်းကြောင့် နှစ်နိုင်ငံကြား သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်ရေး၊ လူကုန်ကူးသူများအား ပူးပေါင်းဖော်ထုတ်ဖမ်းဆီးရေး၊ လူကုန်ကူးခံရသူများအား ပူးပေါင်းကယ်တင်ရေး၊ ပူးပေါင်းစုံစမ်းစစ်ဆေးရေး၊ သက်သေအထောက်အထားများ ရရှိရေး၊ လူကုန်ကူးမှုလမ်းကြောင်း၊ ပုံစံ၊ အသုံးပြုသော နည်းလမ်းများအပါအဝင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအတွက် လစဉ်အစည်းအဝေးများ ပြုလုပ်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နယ်စပ်ဆက်ဆံရေးရုံးများ၏ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်အထိ လူကုန်ကူးမှု ၁၃၉ မှုကို ပူးပေါင်းဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းမှ လူပွဲစား အမျိုးသား ၁၄၃ ဦး၊ အမျိုးသမီး ၂၅၃ ဦး စုစုပေါင်း ၃၉၆ ဦး ဖမ်းဆီးနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၀၇ ဦး စုစုပေါင်း ၂၃၃ကို ကယ်တင်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ဖြစ်ပွားခဲ့သော အမှုပေါင်း ၁၂၀ တွင် လူကုန်ကူးမှု ဦးတည်နိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဦးတည်သည့် အမှု ၇၃ မှု၊ ထိုင်းနိုင်ငံသို့ ဦးတည်သည့်အမှု ၁၆ မှု၊ မလေးရှားနိုင်ငံသို့ ဦးတည်သည့် အမှု ၁၃ မှု၊ ပြည်တွင်း၌ ဖြစ်ပွားမှု ၁၈ မှုဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

သန်းဦး(လေးမျက်နှာ)

ရုပ်မြင်သံကြားအစီအစဉ်များ

[၂၀ - ၁၂ - ၂၀၁၅ (တနင်္ဂနွေနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ အောင်မြင်သူနှင့်အတူ (ဒါရိုက်တာ-ညိုမင်းလွင်)
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ ချစ်သောဤကမ္ဘာမြေ
- ၁၀း၄၅ ကဗျာရိပ်မြုံ(တောက်တဲ့)
- ၁၂း၅၀ ဆေးရောင်စုံရုပ်ရှင် "ဒေဝီမဟုတ်တဲ့ မဟေသီ" (လွင်မိုး၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-မောင်နန္ဒ)
- ၄း၁၅ "ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ သည် ငြိမ်းချမ်းသာယာသော ပြည်ထောင်စုဆီသို့"
- ၅း၁၅ "လူတိုင်းကျန်းမာဖို့ မြန်မာတိုင်းရင်းဆေးကိုသုံးကြစို့"
- ၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၆း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၇း၁၅ ဟိုးတုန်းက ရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "နှလုံးသားနှင့် တာဝန်" (ဇာတ်သိမ်း)
- ၈း၀၀ ပြည်တွင်းသတင်းနိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "ရန်ကုန်မြို့ (၅၁) လမ်း အိမ်ရာစီမံကိန်း"
- ၈း၄၅ "မြို့တည်နန်းတည်ကေတုမတီ ၅၁နှစ်သို့ ပင်တိုင်ခဲ့ပြီ"
- ၉း၀၀ ပြည်တွင်းသတင်း -Tasty Trip (ကရင့်ရိုးရာမဂ်လာဆောင်) -ဆိုကြမယ်၊ ပျော်ကြမယ်

တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -အလက်ာကျော်စွာရွှေပြည်အေးနှစ်(၁၀၀)ပြည့်တေးဂီတ အစီအစဉ် (အပိုင်း-၄)
- ၆း၂၀ မြန်မာဒီဒီယိုဇာတ်လမ်း "အနီရောင် နှလုံးသား" (နေမျိုးအောင်၊ ထိုက်တန်၊ နန်းခင်ဇေယျာ) (ဒါရိုက်တာ- ဟိန်းဇော်)
- ၇း၅၅ မြန်မာနိုင်ငံတွင်အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ ဖျော်ဖြေမှုအမှတ်တရ အစီအစဉ်များ
- ၈း၄၅ ဆိုကြမယ်၊ ပျော်ကြမယ်
- ၉း၃၀ ပြည်သူနီတိ "တူသောအကျိုး"
- ၉း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
- ၁၀း၀၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "တစ်ဦးတည်းသောသား" (လှမင်း၊ စည်သူတစ်ဝိုး၊ ထွန်းအိန္ဒြာပို၊ ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ- မောင်တင်ဦး)

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။

မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၄၅ မြန်မာသံစဉ်ချိန်းဝင်
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanmar
- ၁၁း၁၅ Lucky Door
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အမုန်းကလဲ့စား
- ၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသရေ၌ အပိုင်း(၁၉)
- ၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၈၈)
- ၅း၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၁၀) - VOAအင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၂၈)

MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မဂ်လသုတ်
- ၅း၄၀ "မဟာသတိပဋ္ဌာနသုတ္တာန်" (အပိုင်း-၁၄) တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိသာရာဘိဝံသ)
- ၇း၅၀ ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း ၂၀၁၅
- ၉း၄၀ Weekly Sports Diary
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၅၉+၆၀)
- ၂း၂၀ World of Knowledge (Megacities: Jarkata)
- ၃း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၆)
- ၆း၀၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၇)
- ၇း၂၅ Fashion Week
- ၇း၄၅ MRTV-4 Stage
- ၈း၁၅ စိန်နန်းတော် Diamonds & Fine Jewelry Grand Opening
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျှင်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၇၁)
- ၁၀း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၆၁+၆၂)
- ၁၁း၃၅ နယ်ဉ်ဆန်းထွင်ပန်းအလှဆင် (S ဒီဇိုင်းပုံစံ ပန်းအလှဆင်နည်း)
- ၃း၀၀ Weekly Sports Diary
- ၄း၃၅ တန်ခိုးကြီးမားဘုရားစေတီ ပုထိုးများ (မဟာအုံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော်)

နာမည်ကြီးမင်းသားသုံးဦး ပါဝင်မယ့် ကိုရီးယားရုပ်ရှင်သစ် "Master"

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတွေလည်းဖြစ် လတ်တလောမှာလည်း ထိပ်တန်းမင်းသားတွေဖြစ်ကြတဲ့ ကန်ဒုံဝမ်၊ လီဘြောင်ဟွန်းနဲ့ ကင်မ်ဝူဘင်တို့သုံးဦးဟာ ကိုရီးယားရုပ်ရှင်သစ် " Master "မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း အတည်ပြု ပြောကြားလိုက်တာကို စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ဟာ သည်းထိတ်ရင်ဖို ပြစ်မှုတွေအကြောင်းရိုက်ကူးထားတဲ့ စုံထောက်ရုပ်ရှင်အမျိုးအစားဖြစ်ကာ "Cold Eyes"ရုပ်ရှင်ကို ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ ကျိုယူစွတ်ရဲ့ ဒုတိယမြောက်လက်ရာပါ။

ကန်ဒုံဝမ်က ယင်းရုပ်ရှင်မှာ အထူးစုံစမ်းရေးအဖွဲ့ရဲ့ခေါင်းဆောင် စုံထောက်အဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး ယခုရုပ်ရှင်ဟာ သူ့ရဲ့ပထမဦးဆုံးသော စုံထောက်အဖြစ် သရုပ်ဆောင်ခွင့်ရခဲ့တဲ့ ရုပ်ရှင်လည်း ဖြစ်ပါတယ်။

လီဘြောင်ဟွန်းကတော့ ကန်ဒုံဝမ်နဲ့ဆန့်ကျင်ဘက်နေရာကနေ သရုပ်ဆောင်သွားမှာပါ။ လီဘြောင်ဟွန်းဟာ "One"လို့အမည်ရတဲ့ လိမ်လည်တဲ့အဖွဲ့ရဲ့ခေါင်းဆောင် "ဂျင်"အဖြစ် ပါဝင်သွားမှာဖြစ်ပြီး ကန်ဒုံဝမ်နဲ့ လီဘြောင်ဟွန်းကြားက ပဋိပက္ခတွေကို အဆိုပါရုပ်ရှင်မှာ တွေ့မြင်ခံစားကြရမှာပါ။

ကင်မ်ဝူဘင်ကတော့ ကန်ဒုံဝမ်နဲ့ လီဘြောင်ဟွန်းတို့အကြား ဗျာများရတဲ့ ပုံခ်ဂျန်ဂန် အဖြစ် သရုပ်ဆောင်သွားမှာဖြစ်ကာ ယင်းရုပ်ရှင်ရဲ့ ရိုက်ကူးရေး လုပ်ငန်းတွေကို ၂၀၁၆ နှစ်လယ်ပိုင်းလောက်မှာ စတင်သွားမှာ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည့်

ပြင်သစ်မှာရောင်းအားအကောင်းဆုံးဖြစ်ခဲ့တဲ့ Star Wars ရုပ်ရှင်သစ် "The Force Awakens"

လတ်တလောမြန်မာနိုင်ငံမှာလည်း ရုံတင်ပြသ လျက်ရှိတဲ့ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ဇာတ်ကား ကောင်းတစ်ခုဖြစ်တဲ့ Star Wars (ကြယ်တာရာတိုက်ပွဲ) ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်တစ်ခုဖြစ်တဲ့ "The Force Awakens "ဟာ ကမ္ဘာတစ်ဝန်း ရုံတင်ပြသခဲ့ရာ ပြင်သစ် နိုင်ငံတွင် ရုံတင်ပြသခြင်းမှရရှိခဲ့သော လက်မှတ်ရောင်း ရငွေမှာ ပြည်ပနိုင်ငံများအနက် ရောင်းအားအကောင်း ဆုံးဖြစ်ခဲ့သည်။

အဆိုပါရုပ်ရှင်ဟာ ကမ္ဘာတစ်ဝန်း စျေးကွက် ၁၂ ခု တွင် ဖြန့်ချိရောင်းချခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁ သန်းရရှိထားပြီး ယင်းတို့အနက် ပြင်သစ် နိုင်ငံ၏စျေးကွက်မှ ဝင်ငွေအမေရိကန်ဒေါ်လာ ၅ ဒသမ ၂ သန်းရရှိခဲ့ကာ ရောင်းအားအကောင်းဆုံးစျေးကွက် ဖြစ်ခဲ့ကြောင်း ဒစ်စနေမှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၇ရက်က ပြောကြားခဲ့သည်ကို ဖောက်စ်နယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

ထို့ပြင် မြောက်အမေရိကခ္ဍလည်း ရုပ်ရှင်လက်မှတ် ကြေးတင်ရောင်းရငွေမှာ အမေရိကန်ဒေါ်လာ သန်းတစ်ရာ ကျော် ရရှိထားပြီးဖြစ်ရာ ဝင်ငွေစံချိန်တင်ခဲ့သည့် ရုပ်ရှင် ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။

ကိုယ်အလေးချိန်လျော့ကျလွန်းတဲ့ ဂျီလီကိုဘရက်ပစ်ကပေးတဲ့ ရာဇသံ

ဘရက်ပစ်က ကိုယ်အလေးချိန်လျော့ကျလွန်းနေတဲ့ ဂျီလီကို သူစီစဉ်ပေးနေတဲ့ အစားအစာစာရင်းအတိုင်း မစားရင် ကွာရှင်းပြတ်စဲပြီးကလေးတွေကိုပါ သူနဲ့အတူ ခေါ်သွားမယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လတုန်းက သူတို့နှစ်ဦး ကွာရှင်းပြတ်စဲတော့မယ်လို့ သတင်းထွက်ခဲ့ပေမယ့် အခုထိတော့ ရွှေလက်တွေ ခိုင်မြဲနေဆဲပါ။ ဂျီလီရဲ့ ကိုယ်အလေးချိန်က လက်ရှိမှာ စဉ် ပေါင်သာရှိတာကြောင့် ဘရက်ပစ်က ဒီလိုသာ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုမစိုက်ရင် သူ့အနေနဲ့ ကွာရှင်းပြတ်စဲဖို့ နည်းလမ်းအပြင် အခြားနည်းလမ်းရှိမှာ မဟုတ်ဘူးလို့ ရာဇသံပေးခဲ့ပါတယ်။

ဘရက်ပစ်နဲ့ ဂျီလီတို့က Mr.& Mrs. Smith ရုပ်ရှင်ရိုက်ကူးပြီး နောက်ပိုင်း ဇာတ်လမ်းတွေ ဆက်ခဲ့တာကြောင့် ဘရက်ပစ်ဟာ အဲဒီအချိန်က ဇနီးဖြစ်သူ ဂျနီဖာအနစ္စတန်ကို ကွာရှင်းပြတ်စဲပြီး ဂျီလီကိုသာ လက်တွဲဖော်အဖြစ်ရွေးချယ်ခဲ့ပါတယ်။ သူတို့နှစ်ဦး လက်ထပ်တာ သိပ်မကြာသေးပေမယ့် အတူတကွ လက်တွဲခဲ့တာတော့ ၁၀ စုနှစ်တစ်ခုကျော်လာခဲ့ပြီဖြစ်ပါတယ်။ အရင်က မျက်နှာများ လွန်းတဲ့ ဂျီလီကလည်း ဘရက်ပစ်နဲ့ တွေ့ပြီးနောက်ပိုင်း ဘယ်သူနဲ့မှ အသံ မထွက်တော့ပေမယ့်လည်း ကျန်းမာရေး ယိုယွင်းလာခဲ့ပါတယ်။

ဘရက်ပစ်က ဂျီလီကို အကြိမ်ကြိမ် အခါခါ ဖေးကူပေးခဲ့ပေမယ့်လည်း ခေါင်းမာလွန်းတဲ့ ဂျီလီက အစားအသောက်အနေအထိုင်ကို ဂရုမစိုက်တာကြောင့် ဟောလိဝုဒ်အသိုင်းအဝိုင်းက သူ့ကို "အရိုးပေါ်အရေတင်နေတဲ့ ဂျီလီ"လို့နောက်ကွယ်မှာ လျှောင်ပြောင်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ဘရက်ပစ်က ဂျီလီကို ခြောက်လအတွင်း ကိုယ်အလေးချိန် သိသိသာသာတက်လာအောင် မစွမ်းဆောင်နိုင်ရင် ကွာရှင်းပစ်ဖို့သာရှိတော့တယ်လို့ ဆိုခဲ့တာပါ။ ဘရက်ပစ်နဲ့ နီးစပ်သူတစ်ဦးကတော့ "ဘရက်ကသူ့အမျိုးသမီးကို အလွန်ချစ်တာကြောင့် ကျန်းမာလှပစေချင်လို့သာ ပြောတာမျိုးပါ"လို့ ဟောလိဝုဒ်လိုက်ဖ်ကို ပြောခဲ့ပါတယ်။ **[မေလွဲသင်း]**

မန်ယူနည်းပြအဖြစ်မှ ထုတ်ပယ်မည်ကို ဗန်ဟားလ်စိုးရိမ်နေ

အသက်(၆၄)နှစ်အရွယ်ရှိ မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် မန်ယူအသင်းမှ ထုတ်ပယ်ခံလိုက်ရပါက ၎င်း၏ ဂုဏ်သိက္ခာကို ကြီးမားစွာထိခိုက်လိမ့်မည်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သော်လည်း လက်ရှိအချိန်အထိ မန်ယူအသင်းနှင့် မန်ယူပရိသတ်များ၏ ထောက်ခံအားပေးမှုကို ရရှိနေဆဲဖြစ်ကြောင်း ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူအသင်းသည် နောက်ဆုံးကစားခဲ့သည့် ၈ပွဲတွင် တစ်ပွဲမျှနိုင်ပွဲရရှိခဲ့ခြင်းမရှိခဲ့သည့်အပြင် ချန်ပီယံလီဂ် ၁၆ သင်းအဆင့်ပင် တက်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် နည်းပြဗန်ဟားလ်၏ မန်ယူအနာဂတ်နှင့် စပ်လျဉ်း၍ မေးခွန်းများစွာထွက်ပေါ်လာခဲ့ရသည်။

ထို့ပြင် ဂျာဒီယိုလာ၊ အန်ဆယ်လော့တီနှင့် မော်ရင်ဟိုတို့သည် မန်ယူအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ရန် ချိတ်ဆက်မှုများရှိခဲ့ကြောင်း သိရသည်။ လက်ရှိတွင် နည်းပြဗန်ဟားလ်သည် မီဒီယာများနှင့် ပရိသတ်များ၏ ဖိအားပေးမှုကို ခံနေရပြီး ယခုတစ်ကြိမ်သည် ၎င်း၏ နည်းပြဘဝတစ်လျှောက်တွင် ဖိအားအများဆုံးဖြစ်လာခြင်းကြောင့် မယုံကြည်နိုင်လောက်အောင် ဖြစ်မိကြောင်းနှင့် အသင်း၏ ထုတ်ပယ်ခံလိုက်ရခြင်းဖြင့် နည်းပြဘဝကို အဆုံးမသတ်လိုကြောင်း နည်းပြဗန်ဟားလ်က ဆိုသည်။

မော်ရင်ဟိုအား ပြန်လည်ခေါ်ယူရန် အစီအစဉ်မရှိဟု ရီးယဲလ်ပြောကြား

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းက ထုတ်ပယ်လိုက်သည့် နည်းပြ မော်ရင်ဟိုအား ရီးယဲလ်မက်ဒရစ်အသင်းသို့ တစ်ကျော့ပြန်လည်ခေါ်ယူရန် အစီအစဉ်မရှိကြောင်း အသင်း ဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်က ပြောကြားလိုက်သည်။

အသက်(၅၂)နှစ်အရွယ်ရှိ နည်းပြမော်ရင်ဟိုသည် ဘာနေဗျူးတွင် ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ပြီး လာလီဂါဖလားနှင့် စပိန်ကိုပါဒယ်ရေးဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းသို့ ဒုတိယအကြိမ်လာရောက်ကိုင်တွယ်စဉ်တွင် ရလဒ်ပိုင်းဆိုးရွားမှုများကြောင့် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံလိုက်ရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဘင်နီတက်ဇ်သည်လည်း ဘာစီလိုနာအသင်းအား အိမ်ကွင်း၌ လေးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပါအဝင် စိတ်ပျက်ဖွယ်ရာသီကို ဖြတ်သန်းနေရခြင်းကြောင့် ဖိအားများနှင့် ရင်ဆိုင်ရလျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ အနာဂတ်နည်းပြသည် မည်သူဖြစ်လာမည်လဲ ဆိုသည်နှင့်ပတ်သက်၍ သိရှိသူမရှိနိုင်ကြောင်း ဖလော်ရန်တီနိုပီရက်ဇ်က ပြောကြားခဲ့သည်။

ငွေကြေယ် - ရေးသားသည်

ဒီဇင်ဘာ ၂၀/၂၁ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

ပရီမီယာလီဂ် ပွဲစဉ် - ၁၇

ဝက်ဖို့ဒ်	- လီဗာပူး	ည-၈း၀၀
ဆွမ်ဆီး	- ဝက်စ်ဟမ်း	ည-၁၀း၃၀

စပိန်လာလီဂါ ပွဲစဉ် - ၁၆

ရီးယဲလ်မက်ဒရစ်	- ဗယ်လက်ကာနို	ည-၉း၃၀
ဆိုစီဒက်	- ဗီလာရီးယဲလ်	ည-၁၁း၄၅
ဂရန်နာဒါ	- ဆယ်လ်တာဗီဂို	ည-၁၁း၄၅
ဘီဘာအို	- လီဗန်တေး	ည-၁၁း၄၅
မာလာဂါ	- အက်သလက်	နံနက်-၂း၀၀

စီးရီးအေ ပွဲစဉ် - ၁၇

ကာပီ	- ဂျူဗင်တပ်	ညနေ-၆း၀၀
အတ္တလန္တာ	- နာပိုလီ	ည-၈း၃၀
ဖီအိုရင်တီးနား	- ချီယေပို	ည-၈း၃၀
ဗီရိုနာ	- ဆာဆူအိုလို	ည-၈း၃၀
ရိုးမား	- ဂျီနိုအာ	ည-၁၁း၃၀
ဆမ်ဒိုးရီးယား	- ပါလာမို	ည-၁၁း၃၀
တိုရီနို	- အူဒီးနီး	ည-၁၁း၃၀
အင်တာမီလန်	- လာဇီယို	နံနက်-၂း၁၅

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၇

ဟာသာဘာလင်	- မိန့်ဇ်	ည-၉း၀၀
မိုချင်ဂလက်ဘတ်	- ဒမ်စတက်	ည-၁၁း၀၀

ပြင်သစ်လီဂူး ပွဲစဉ် - ၁၈

စိန့်အက်တီယန်	- အန်ဂါးစ်	ည-၇း၃၀
ဂါဇီလက်	- လီယွန်	ည-၁၀း၃၀
ဘော်ဒိုး	- မာဆေး	နံနက်-၂း၃၀

ချန်ပီယံရှစ် ပွဲစဉ် - ၂၂

ရှက်ဖီး	- ဝုလ်ဗာဟမ်တန်	ည-၈း၃၀
လိဒ်စ်	- ပရက်စတန်	ည-၉း၃၀
ရက်ဒင်း	- ဘလက်ဘန်း	ည-၉း၃၀

ဒီဇင်ဘာ ၁၉ ရက် အနိုင်/အရှုံးရလဒ်များ

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၇

ရှော်လ်ကေး ၁ - ၀ ဟော့ဖန်ဟိမ်း

ပြင်သစ်လီဂူး-၁ ပွဲစဉ် - ၁၉

နိုက်စ် ၁ - ၀ မောင့်ပယ်လီယာ

မောင်မောင်ဇော်

နယ်သာလန်နည်းပြဟောင်း ဟစ်ဒင့်ချယ်လ်ဆီးယာယီနည်းပြဖြစ်လာမည်

နယ်သာလန်အသင်း နည်းပြဟောင်း ဟစ်ဒင့်သည် ချယ်လ်ဆီးအသင်းက နည်းပြ မော်ရင်ဟိုအား ထုတ်ပယ်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်း၏ ယာယီနည်းပြဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အသက်(၆၉)နှစ်အရွယ်ရှိ နည်းပြဟစ်ဒင့်သည် ဒီဇင်ဘာ ၁၈ ရက်က လန်ဒန်ဟိုတယ်တစ်ခု၌ ရောက်ရှိနေခဲ့ပြီး ချယ်လ်ဆီးအသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ဟစ်ဒင့်သည် ချယ်လ်ဆီးအသင်းနည်းပြအဖြစ် တစ်ကြိမ်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၀၉ ခုနှစ်က အက်ဖ်အေဖလားတစ်ကြိမ် ရယူပေးနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိ ပွဲစဉ်(၁၇) မကစားမီတွင် ပရီမီယာလီဂ် အမှတ်ပေးဇယား၌ တန်းဆင်းဇုန်အထက် တစ်မှတ်အကွာ အဆင့်(၁၆)တွင် ရပ်တည်လျက်ရှိသည်။ ချယ်လ်ဆီးအသင်းသည် ပထမဆုံး ၁၆ ပွဲတွင် ကိုးပွဲအထိ ရှုံးနိမ့်ခဲ့သည်။

ထို့ကြောင့် နည်းပြမော်ရင်ဟိုအား ပရီမီယာလီဂ်ဖလားရယူပေးခဲ့ပြီးနောက် ခုနစ်လအကြာတွင် ချယ်လ်ဆီးအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်သည်။

ဟစ်ဒင့်သည် ပီအက်စ်ဗွီအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ပြီး နယ်သာလန်လီဂ်ဖလား ခြောက်ကြိမ်နှင့် ဥရောပဖလားတစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

၂၀၀၉ ခုနှစ်က ချယ်လ်ဆီးအသင်းအား အက်ဖ်အေဖလား မရယူပေးနိုင်ခင်ကာလများအတွင်း တောင်ကိုရီးယား၊ ဩစတြေးလျှနှင့် ရုရှားလက်ရွေးစင်အသင်းများကိုလည်း နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သည်။

ထို့ပြင် ဟစ်ဒင့်သည် တူရကီအသင်း၊ ရုရှားကလပ်အန်ဇီအသင်းနှင့် နယ်သာလန်အသင်းတို့ကိုလည်း နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

ဘိန်းစိုက်ခင်းများအား ကွင်းဆင်းဖျက်ဆီး

မကွေး ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ တောတောင်လျှိုမြောင်များနှင့် မင်းဘူးခရိုင် မင်းလှမြို့နယ်ရှိ တောတောင်လျှိုမြောင်များတွင် လျှို့ဝှက်ဘိန်း စိုက်ပျိုးမှုအား နယ်မြေအလိုက် ရှင်းလင်းဖော်ထုတ်ရှာဖွေဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငဖဲမြို့နယ်နှင့် မင်းလှမြို့နယ်၌ ၂၀၁၀-၂၀၁၂ ခုနှစ်တွင် ဘိန်းစိုက်ဖျက်ဆီးဧက ၁၀ ဒသမ ၇၂ ဧကကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဘိန်းစိုက်ဖျက်ဆီးဧက ၁၅ ဒသမ ၁၄ ဧကကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဘိန်းစိုက်ဖျက်ဆီးဧက ၁၄၈ ဒသမ ၂ ဧကကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ တွင် ဘိန်းစိုက်ဖျက်ဆီးဧက ၈ ဒသမ ၄၅ ဧကတို့ကို ဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

(ကျော်ဇေယျ)

ပြင်သစ်နိုင်ငံသူ ကားပေါ်တွင် ကျကျန်ခဲ့သည့် လက်ကိုင်ဖုန်းအား ပြန်လည်ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၉

ဒီဇင်ဘာ ၁၅ ရက် ညပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့ နမ့်ပန်ရပ်ကွက် Four Sister Inn တွင် တည်းခိုနေထိုင်သော ပြင်သစ်နိုင်ငံသူ Ms.Plume Des Pallieres နှင့် Ms.Morgane De Sinhoutte တို့သည် တောင်ကြီးမှ ညောင်ရွှေသို့ တောင်ကြီး-ညောင်ရွှေ လိုင်းကားဖြင့် လိုက်ပါလာစဉ် Ms.Plume Des Pallieres ကိုင်ဆောင်သော Nokia အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံး ကျပျောက်သွားကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ရှမ်း)သို့ လာရောက်အကြောင်းကြား

ခဲ့သည်။

တပ်ဖွဲ့စု(ရှမ်း)မှ တပ်ဖွဲ့ဝင်များက ပြင်သစ်နိုင်ငံသူများ လိုက်ပါလာသည့်ယာဉ်အား စုံစမ်းခဲ့ရာ တောင်ကြီးမြို့ စိန်ပန်းရပ်နေ ဦးမောင်ဆန်း (၄၅)နှစ်မောင်းနှင်သည့် 9A/×××× Hilux ယာဉ်ဖြစ်ကြောင်း သိရသဖြင့် ဆက်သွယ်ခဲ့ရာ ၎င်းသည် တောင်ကြီးမြို့ ကားဂိတ်တွင်ရှိနေပြီး ယာဉ်နောက်ခန်းအတွင်း ဝင်ရောက်ရှာဖွေရာ Nokia လက်ကိုင်ဖုန်းအား တွေ့ရှိကြောင်း သိရသည်။ ဒီဇင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ဦးမောင်ဆန်းက Nokia ဖုန်းအား တပ်ဖွဲ့စု(ရှမ်း)သို့ လာရောက်အပ်နှံပေးသဖြင့် မွန်းလွဲ ၁၂ နာရီခွဲတွင် Ms.Plume Des Pallieres ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ပိတောက်ခွဲခြမ်းများ သိမ်းဆည်းရမိ

ဂန့်ဂေါ ဒီဇင်ဘာ ၁၉

မုံရွာ- ပုလဲ- ဂန့်ဂေါကားလမ်းမိုင်တိုင်အမှတ် (၈၇/၂) နှင့် (၈၇/၃) ကြား ကျောကျေးရွာဘက်မှ ရေမျက် နီရွာဘက်သို့ ယာဉ်မောင်းဇော်နိုင်ထွန်း မောင်းနှင်သည့် စကပ် (ဖော) ယာဉ်အား ဒီဇင်ဘာ ၁၈ ရက်နံနက်က ရဲတန့်စစ်ဆေးရာ ပိတောက်ခွဲခြမ်း လေးခြမ်း (၁ ဒသမ ၁၉၇၀ တန်) တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ယာဉ်မောင်းမှာ အဆိုပါယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသွားသည့်အတွက် ထီးလင်းမြို့နယ် ဆေးမင်းတောရဲကင်းစခန်းက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

(၄၆၅)

မော်လမြိုင်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၂၀ သိမ်းဆည်းရမိ

မော်လမြိုင် ဒီဇင်ဘာ ၁၉

မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ရပ်ကွက်ကျေးရွာတို့တွင် မူးယစ်ဆေးဝါးရောင်းချသူ၊ သုံးစွဲသူ၊ နယ်လှည့် ဖြန့်ဖြူးရောင်းချသူတို့ကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန် ညွှန်ကြားချက်များအရ မွန်ပြည်နယ် မူးယစ်တပ်ဖွဲ့စု ၃၈ မှ ဒုတိယရဲမှူး နိုင်ထန်းမနား၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကျော်နီထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဒေသခံရပ်မိရပ်ဖများ၏ အကူအညီဖြင့် ဒီဇင်ဘာ ၁၄ ရက်က ကရင်ပြည်နယ်မှ မွန်ပြည်နယ်ဘက်သို့ လိုင်စင်မဲ့ YAMAHA ဆိုင်ကယ် မောင်းနှင်လာသူ ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သိုက်ကျေးရွာနေ မောင်ညွှန့် (ခေါ်)နိုးနိုး(၅၄)နှစ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့တွင်ပင် မော်လမြိုင်-ကျိုက်မရောသွားကားလမ်းဘေးရှိ Happy Point စားသောက်ဆိုင်ရှေ့၌ မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက်နေ ဇော်ရဲအောင် (ခေါ်) ကြက်ဖ(၂၅) နှစ်အား ရှာဖွေ စစ်ဆေးရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၄၀ သိမ်းဆည်းရမိသည်။

အလားတူ ဒီဇင်ဘာ ၁၇ ရက်က မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အထက(၉) ကျောင်းလမ်းအနီးတွင် မော်လမြိုင်မြို့နယ် မုရောင်ကျေးရွာနေ သူရိန်ဝင်း (၂၂)နှစ်နှင့် ကျိုက်မရောမြို့နယ် လှည်းတန်းရပ်ကွက်နေ မောင်ဘိုဘိုဝင်း (၁၈) နှစ်တို့ မောင်းနှင်လာသည့် ဟွန်ဒါကလစ်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးရောင်းချသူနှင့်သုံးစွဲသူတို့အား မော်လမြိုင်မြို့ ဗိုင်းဝန်ကွင်း နယ်မြေရဲစခန်း၊ မြိုင်သာယာနယ်မြေ ရဲစခန်းနှင့် မော်လမြိုင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဇေယျ(Executive Director, Htoo Trading Co.,Ltd.)-ဒေါ်ခင်မေလွင်(အထက်တန်းပြ-ဌိမ်း) တို့၏ တစ်ဦးတည်းသောသား၊ မခင်ကြည်ဖြူ[M.B.A(General),James Cook University,Singapore]၏
မောင်

ဗိုလ်ကြီးနေမျိုးဇေယျ
B.E (Mechanical),D.S.T.A,ME(Russia)

နှင့်

ရန်ကုန်မြို့နေ ဦးလှဝင်းဌေး[GM(CNG),M.O.G.E,စွမ်းအင်ဝန်ကြီးဌာန]-ဒေါ်ခင်ရူပါ(New Life Bookshop & Mobile,Pyay)တို့၏သမီးငယ်

ဒေါက်တာခင်သီရိမိုး
M.B.,B.S(YGN) (Victoria Hospital)

တို့၏ ၁၃-၁၂-၂၀၁၅ရက်တွင် ဇေယျာသီရိဗိမာန် (ကုန်းမြင့်သာ)၌ ကျင်းပပြုလုပ်သော မင်္ဂလာသဘင်တွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေ၊ မင်္ဂလာလက်ထပ်လက်စွပ်ခိုးမြှင့်ပေးပါသော ဦးသီဟ(Vice Chairman, Htoo Group of Companies) နှင့် ဇနီး ဒေါ်ရွှေရွှေလင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်ဇနီး ဒေါ်ဆီဗီလာ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့်ဇနီး၊ စက်မှုနှင့်လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး ဦးဥာဏ်ထွန်းဦးနှင့်ဇနီး၊ ပိုလ်မှူးချုပ်ထွန်းထွန်း၏ဇနီး ဒေါ်ပွင့်ပွင့်မိုးနှင့် မင်္ဂလာသဘင်သို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်ဟများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်မှူးချုပ်မြတ်ကျော်နှင့်ဇနီး ဒေါ်မြင့်မြင့်အောင်၊ ဦးတေဇ (Chairman, Htoo Group of Companies)၊ ပိုလ်မှူးကြီးဇော်နိုင်ဦးနှင့်ဇနီး ဒေါ်သီတဂူဇေယျ၊ မင်္ဂလာဘိသေကမ္ဘားအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော ဦးကျော်ဒေဝ၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်နွဲ့ယဉ်ဝင်း၊ မင်္ဂလာပန်းကြဲဒေါက်တာခင်ခင်ယုမော်၊ မင်္ဂလာပန်းကုံးဗန်းကိုင် မဆုဝတ်ရည်မွန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် ဒေါက်တာဆောင်မြသီရိ၊ မင်္ဂလာသတို့သားအရံ ပိုလ်ကြီးဖြိုးမောင်မောင်နှင့် ပိုလ်တေဇာလင်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာအေးသီရိကျော်နှင့် ဒေါက်တာထူးသဏ္ဌာစိုး၊ မိတ်ကပ်ဆံပင် မေဦးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဒီဇိုင်း ဖန်တီးဆင်မြန်းပေးပါသော ဒီဇိုင်နာဌေးဌေးတင်၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာ ဆင်မြန်းပေးပါသော အန်တီအေးအေးခိုင် (Miraculous Diamond & Platinium) အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုဝေလင်း (Love Diary)နှင့်အဖွဲ့၊ ပန်းအလှဆင်မြန်းပေးပါသော ဦးခင်မောင်ဝင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ ဤမင်္ဂလာသဘင်အား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော ဦးစိန်ဝင်းနှင့်အဖွဲ့၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပါသော နှစ်ဖက်ဆွေမျိုး မိတ်ဆွေသင်ဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီးနေမျိုးဇေယျ-ဒေါက်တာခင်သီရိမိုး

ရန်ကုန်-ပြည်ကားလမ်းနံဘေး တိုက်ကြီးမြို့အဝင်-အိမ်ခြံမြေ ရောင်းမည်။ (ပွဲစားမလို) စုံစမ်းရန်ဖုန်း-၀၉-၂၅၀၀၂၈၂၆၂ ၀၉-၇၉၉၃၂၀၀၃၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄ အေအက်စ် ၉၂)၊ မြေကွက်အမှတ်(၂၀)၊ မြေကွက်တည်နေရာအမှတ်(၃၈)၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ နတ်ချောင်းရပ်ကွက်၊ (ဦးသိန်းမြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းမြင့် ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြု/ထုတ်ပေးမည်ဖြစ်၍ အမှုတွဲအမှတ်(တမ/ဂရသ-၆၃/၉၇ (၅-၁၂-၉၇)ဖြင့် မူလထုတ်ပေးထားသည့် ဦးသိန်းမြင့်အမည်ပေါက် နှစ်(၆၀)မြေဌားစာချုပ်(ဂရန်)မူရင်းစာအုပ်အား ဖြိုးပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၅၃၁)၊ မြေကွက်တည်နေရာအမှတ်(၅၃၁)၊ စစ်ကိုင်းလမ်း(၃၀)၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးအောင်လွင်၊ ဦးထွေးတင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်လွင်၊ ဦးထွေးတင်တို့ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်များအရ ဒေါ်ခင်ငွေးရီ [၁၂/မဘန(နိုင်)၀၀၇၅၈၈]၊ ဒေါ်မြင့်မြင့်ရွှေ[၁၂/ဥကတ(နိုင်)၀၉၇၈၀၇]တို့က ပိုင်ဆိုင်လာပြီး ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးအောင်လွင် [၁၂/ဥကတ(နိုင်)၀၉၇၁၉၂]၊ ဦးထွေးတင်[၁၂/ဥကတ(နိုင်)၀၉၇၈၀၁] အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းစာအုပ်အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အလက(၆)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အငြိမ်းစား ဆရာ၊ ဆရာမကြီးများ နှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆက်သွယ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-
ဒေါ်ကျင်မွေး-၀၉-၄၂၀၁၄၃၆၅၇၊ ဒေါ်တင်တင်လေး-၀၉-၄၄၈၀၃၄၉၆၀၊ ကိုစံသာထွန်း-၀၉-၂၅၀၁၅၆၃၅၅၊ ဒေါ်ဟန်မီသာ-၀၉-၄၂၀၀၀၄၁၈၂၊ မင့်ဝါမင်း-၀၉-၇၉၆၁၇၁၈၇၇၊ မခိုင်ပြည့်စုံ-၀၉-၅၀၇၆၂၃၃

ရတနာကံပွင့်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈(c)

ရတနာကံပွင့်ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈(c)အရ နောက်ဆုံးအစည်းအဝေးကို အမျိုးသားရေကူးကန်ဝင်း၊ ဦးပိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၌ ၁၉-၁-၂၀၁၆ရက်နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ(စဉ်-၁၈၅၆)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ရတနာကံပွင့်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းသုံးသပ်ချက်

မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့်နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန်လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင်နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ် များကိုဖော်ပြအပ်ပါသည်။ (စာတည်း)

မထီရမ်းကား ဥတုတရား လူသားပေါ်မှီတည်

à ကိုရင်ညြ

စိမ်းရောင်စို ကမ္ဘာလောကကြီးကို စုပေါင်း တည်ဆောက်ကြအံ့ဟု ကတိပြုသံများ သောသောညံလျက် ရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာ နိုင်ငံတကာ ညီလာခံကြီးကို လွန်ခဲ့သည့် ရက်သတ္တပတ်က နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ကြလေသည်။ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကုလသမဂ္ဂက ကမကထပြု၍ ရက်သတ္တနှစ်ပတ်ကြာမျှ ကျင်းပခဲ့သော ယင်းညီလာခံကြီးတွင် ကမ္ဘာနှင့်ချီ၍ စလုံးစဉုဖြစ်စရာ ရာသီဥတုရေးရာများကို ကိုယ်စားလှယ်တော်ကြီးများက စူလီနဖာ ဆွေးနွေးငြင်းခုံခဲ့ကြပြီးလျှင် စိမ်းရောင်စို ကမ္ဘာကြီးအဖြစ် ပုံလောင်းထုဆစ်ရန် ရည်ရွယ်သော သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြသည်ဟု ကျွန်ုပ်ကြားသိရလေ၏။

မြို့တော်ပါရီအနီး လာဘာဂေးအရပ်၌ COP21 ဟူ၍ အမှတ်သညာပြုထားသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံကြီးသည်ကား ၂၀၁၅ ခုနှစ် ကုန်လုလု နေဝင်ရိုးရီအချိန်တွင် ပြုလုပ်သော နိုင်ငံတကာညီလာခံကြီးအဖြစ် ကျွန်ုပ်ရှုမြင်မိလေသည်။ ၂၀၁၅ ခုနှစ်ပတ်စာခွာ ဖျာသိမ်းချိန်၌ ထူးထူးခြားခြား ကျင်းပခဲ့သည့် ညီလာခံကြီးလည်းဖြစ်သည်တမ့်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ ခေါင်းဆောင်များသည် ရာသီဥတုဆိုင်ရာ ညီလာခံကြီး၌ ပွန်းပွန်းတီးတီး ဖက်လဲတကင်း ဆွေးနွေး ငြင်းခုံခဲ့ကြပြီးလျှင် ကမ္ဘာသူ ကမ္ဘာသားအားလုံးက ကာလရှည်ငဲ့လင့်ခဲ့ကြကုန်သော သဘောတူညီချက်တစ်ရပ်ကို မဲတင်းကာရရှိကြလေသည်။

ကမ္ဘာကြီးပူနွေးမှု လျော့ကျရေးနှင့်ကမ္ဘာကြီးပူနွေးမှု၏ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာခြင်း မရှိစေရန် စုပေါင်းကာကွယ်ရေးတို့ကို သဘောတူညီချက်တွင် ဖော်ပြထားပြီး သမိုင်းတွင်ရစ်မည့် ညီလာခံအဖြစ် ကမ္ဘာတစ်ဝန်းတွင် ချီးကျူးထောမနာပြုကြလေသည်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာမူဘောင်ကွန်ဗင်းရှင်းအောက်တွင် ထည့်သွင်းရန် 'ပါရီသဘောတူညီချက်'ကို ရရှိခဲ့ကြသည်။

ကမ္ဘာကြီးကို ကယ်တင်နိုင်ရန် ရည်ရွယ်သော ပါရီသဘောတူညီချက်ကို ကမ္ဘာ့နိုင်ငံများက လွယ်လင့်တကူ ရရှိလာခြင်းမဟုတ်မူ၍ နှစ်ပေါင်း ၂၀ ကြာမျှ နိုင်ငံတကာ ညီလာခံများတွင် အကြိတ်အနယ် ဆွေးနွေးပြီးခါမှ ရရှိခြင်းဖြစ်လေသည်။

ကာဗွန်သုည ဤလောက

ပါရီညီလာခံ၌ ကမ္ဘာ့ရာသီဥတုထိန်းညှိရေး ရည်မှန်းချက်များကို သတ်မှတ်ခဲ့ကြပြီးလျှင် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရာသီဥတု ထိန်းသိမ်းရေး စီမံကိန်းများအတွက် တစ်နှစ်လျှင် ဒေါ်လာ ၁၀၀ ဘီလီယံ ထောက်ပံ့ကူညီပေးရန် ကတိပေးခဲ့ကြသည်။ သို့ရာတွင် ငွေကြေးဆိုင်ရာ ကတိကဝတ်ပြုချက်ကို ဥပဒေပြဋ္ဌာန်းချက်သဖွယ် မလုပ်မနေရ သတ်မှတ်နိုင်ခြင်းမရှိပါချေ။

ရာသီဥတုထိန်းညှိရေး ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို ကမ္ဘာ့နိုင်ငံများက ငါးနှစ်လျှင် တစ်ကြိမ် တင်သွင်း ရန် သဘောတူညီချက်တွင် ဖော်ပြထားသည်။ အထူးအားဖြင့် စိတ်အားတက်ဖွယ်ရာ အကောင်းဆုံး ရည်မှန်းချက်တစ်ရပ်မှာ ၂၁ ရာစု၏ ဒုတိယကာလဝက်တွင် ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိတော့သည့် အဆင့်သို့ တက်လှမ်းရန် ဖြစ်လေသည်။

စက်မှုတော်လှန်ရေး မစတင်မီ ကာလက ရှိခဲ့သည့် အပူချိန်နှင့် တန်းညီကာ ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်မှုကို ၂ ဒီဂရီ ဆဲလ်စီးယပ်ထက်မပိုအောင် ကန့်သတ်ချက်ထားရှိလေသည်။

သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် ကမ္ဘာ့နိုင်ငံများ ဆွေးနွေးခဲ့ကြရာတွင် လက်ပေါက်ကပ်အောင် ညှိနှိုင်းခဲ့ရသည့်အချက် တစ်ရပ်မှာ ရာသီဥတု ပြောင်းလဲခြင်းကို ရင်ဆိုင်နိုင်ရေးအတွက် အတည်ပြုချမှတ်သည့် ရည်မှန်းချက်များအတိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများက အကောင်အထည်ဖော်နိုင်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများက ငွေကြေးနှင့်အရင်းအမြစ်များကို မည်သည့်အတိုင်း အတာအထိ ထောက်ပံ့ပေးနိုင်မည်ဆိုခြင်းပင်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရာသီဥတုဆိုင်ရာ ရည်မှန်းချက်များကို ပေါက်မြောက်အောင် စွမ်းဆောင်ရာတွင် ငွေကြေး ဓန အင်အားမရှိဘဲ၊ နည်းပညာ မရှိဘဲ၊ စွမ်းဆောင်ရည်မရှိဘဲ လုပ်ကိုင်နိုင်ကြမည် မဟုတ်ပါချေ။

ရေးကြီးနှင့်ကျယ်ဖြစ်လာသော ရာသီဥတုပြောင်းလဲမှု

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့နိုင်ငံများအားလုံးအတွက် နိယံမပြတ်ရေးကြီးခွင့်ကျယ် ပွက်စီပွက်စီ ပြောဆိုလာနေကြသည့် ပြဿနာပေတည်း။

ကမ္ဘာ့မျက်နှာပြင်၏ ပျမ်းမျှအပူချိန်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကာလအတွင်း သုည ဒသမ ၈၅ ဒီဂရီစင်တီဂရိတ် (၁ဒသမ၄ ဒီဂရီ ဖာရင်ဟိုက်) ခန့် တအိအိ တိုးလာခဲ့သည်။

ရုပ်ကြွင်းလောင်စာများ အသုံးပြုခြင်း၊ ကာဗွန်စုပ်ယူနိုင်သော သစ်တောကြီးများ ပြုန်းတီးလာခြင်း စသည့်အကြောင်းတရားများ ကြောင့် ရာသီဥတုတရစပ်ပြောင်းလဲရသည်။ ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပွားစီးလာမှုသည်လွန်ခဲ့သည့် နှစ်ပေါင်း ရှစ်သိန်းကာလအတွင်းရှိ မည်သည့်နှစ်နှင့်မဟု နှိုင်းယှဉ်ပါက ယနေ့ကာလတွင် စံချိန်တင်မြင့်တက်လာသည်ဟု ဆိုကြသည်။

ပင်လယ်ရေခဲချပ်လွှာ တည်ရှိမှုသည် ၁၉၈၀ ပြည့်လွန်နှစ်ကာလ အခြေအနေနှင့် နှိုင်းယှဉ်သော် ဗြိတိန်နိုင်ငံ နယ်မြေအကျယ် အဝန်း၏ ၁၀ ဆခန့် ဆုံးရှုံးပျောက်ကွယ်ခဲ့ရပြီး ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု ပျမ်းမျှ ၁၉ စင်တီမီတာခန့် ရှိလာခဲ့သည်ဆို၏။

ရာသီဥတုပြောင်းလဲခြင်းကား ပုပ္ပရွှေ့သတ္တဝါတွေ မှန်သရွေ့ကို ဒုက္ခလုလုပေးသည့် သဘာဝမာရ်နတ်ဆိုးဖြစ်လိမ့်မည်။ အနီ မာရ်နတ်ဆိုးကား သတ္တလောကသားတို့ကို ပြုစားရန် ချောင်းမြောင်းနေပြီးလျှင် လူသားတို့နေမထိထိုင်မသာဖြစ်စေအံ့ ခြင်းဌာ ရေ ကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ အပူလှိုင်းကျခြင်း၊ မီးခေါင်ခြင်း၊ ရေချိုရှားပါးပြတ်လပ်ခြင်း စသည်ဖြင့် တစ်နှစ်တစ်မျိုး မရိုးအောင် ဇိုးခနဲ ဇတ်ခနဲ လုပ်ပြပါဦးမည်။ သို့ဖြစ်ရကား သဘာဝမာရ်နတ်ဆိုးကြီး ကမ္ဘာမြေပေါ် နင်းခြေမှမပြုနိုင်အောင် ကျွန်ုပ်တို့က ရာသီဥတုကောင်းမွန်ခြင်း တည်းဟူသော မဟာရံတံတိုင်းကြီးကို တစ်ယောက်တစ်လက်ပိုင်းဝန်း တည်ဆောက်ကြရပေမည်။

အကယ်၍ ကမ္ဘာ့အပူချိန် မြင့်တက်မှု ၂ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်မည် ဆိုလျှင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများ အတုံးလိုက်အတစ်လိုက် ဝင်လာပေအံ့။

ယခုအချိန်ကာလသည် ကမ္ဘာ့နိုင်ငံများ အားလုံး အမျိုးသား ရာသီဥတုထိန်းညှိရေး စီမံကိန်းများကို တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် လုပ်ကိုင်ကြရမည့် သမယတည်း။

တစ်တစ်ခွခွ ရာသီဥတု ဖောက်ပြန်မှုများကို ခံစားကြရပြီးခါမှ 'သိပ္ပံပညာရှင်များ၏ သတိပေးချက် ဟုတ်ပေသကိုး' ဟူ၍ ကျွန်ုပ်တို့နိုမ့သောင် နောင်မှသိခြင်း အလျဉ်းမဖြစ်အပ်ပေ။ ဤတွင်ရွေ့ကား ကမ္ဘာလူသားတို့ ဉာဏ်မြေကတုတ် တည်ဆောက်ကြဖို့ ကျွန်ုပ်ရိုသေကိုင်းညွှတ်စွာ သတိပေးလို၏။ ရာသီဥတု ထိန်းညှိရေးတွင် သင်လည်း တစ်ဦးသားထူးသားမြတ်အဖြစ် ပါဝင်ကာ ရေကုန်ရေခန်း ကြိုးပမ်းကြစေလို။

အာရှနိုင်ငံများ မဲတင်းထား

ကျွန်ုပ်တို့ အာရှနိုင်ငံများသည် ရာသီဥတု ထိန်းညှိရေးလုပ်ငန်းကြီးတွင် မဲတင်းကာ ဆောင်ရွက်ကြရပေဦးမည်။

လွန်လေပြီးသော ပါရီရာသီဥတုညီလာခံကြီးတွင် အာရှနိုင်ငံများသည် ရာသီဥတု ပြောင်းလဲမှု ထိန်းချုပ်ရေး အတွက် လွတ်လပ်သော အစီအစဉ်များကို ထုတ်ပြန်ကြေညာခဲ့ကြသည်ဟု ကျွန်ုပ်လေ့လာသိရှိရ၏။

ရာသီဥတု ပြောင်းလဲမှု၏ ဆိုးကျိုးတရားများကို ခါးစည်းတွေ့ကြုံလာရနိုင်သည့် အာရှတိုက်နိုင်ငံများ၌ ရာသီဥတု ကောင်းမွန်ခြင်းနှင့် ရာသီဥတု ဆိုးဝါးခြင်းတို့ မည်သည့်ဘက်က အလေးသာနေသည်ကို ကျွန်ုပ်တို့ ချိန်စက်ကြည့်ရန် အချိန်တန်လေပြီ။

ကျွန်ုပ်တို့ ပြည်မြန်မာသည်ကား တရုတ်နှင့် အိန္ဒိယတည်းဟူသော လူဦးရေပေါက်ကွဲမှု ပြင်းထန်သော နိုင်ငံကြီးနှစ်နိုင်ငံကြားဝယ် အသားညှပ်ပေါင်မုန့် ပုံပမာ ကြားညှပ်နေသော နိုင်ငံဖြစ်၏။ အဆိုပါ နိုင်ငံကြီးနှစ်နိုင်ငံသည် လူဦးရေလှိုင်းတံပိုး တလိမ့်လိမ့် မြင့်တက်လာခြင်းနှင့်အတူ ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုအရ ထိပ်ဖျားတက်နေသော နိုင်ငံများတည်း။

အိန္ဒိယနှင့် တရုတ်တို့ အပါအဝင် အာရှနိုင်ငံများသည် ပိုမိုစိမ်းလန်းစိုပြည်သော လူ့ဘောင်ဆီသို့ မျှော်မှန်းရော်ရမ်း လျက် ရာသီဥတု ထိန်းညှိရေးအတွက် လူးလွန့်လှုပ်ရှားလျက်ရှိကြလေသည်။

၁၉၉၇ ခုနှစ် ကျိုတိုသဘောတူညီချက်ပါ ရာသီဥတုထိန်းညှိရေး တာဝန်ဝတ္တရားများကို ပခုံးပြောင်း တာဝန်ယူရန် ရည်စူးသော ပါရီသဘောတူညီချက် သည် ၂၀၂၀ ပြည့်နှစ်မှစ၍ အာဏာသက်ဝင်လာမည် ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများက မိမိဆန္ဒနှင့်အညီ ကတိကဝတ် ပြုမူများ ပြုလုပ်ခဲ့ကြရာတွင် အာရှနိုင်ငံများကလည်း ရာသီဥတုထိန်းညှိရေးလုပ်ငန်းကြီး ရှုပ်လုံးပေါ်လာအောင် ဝတ်ကျေ ဝတ်ကုန်မဟုတ်မူ၍ ခါးတောင်းကျိုက် မဖြုတ်စတမ်း ကြိုးပမ်းကြဖို့ သန္ဓေဌာန်ပြုကြလေသည်။

သို့ဖြစ်စေကာမူ ရာသီဥတု ထိန်းညှိရေးလုပ်ငန်းကြီးကား အမေ့မေ့ အလျော့လျော့ မထားအပ်ဘဲ သမနီရှည်ရှည် အရေးတယူ မနေးကူကြပါမှ အောင်မြင်မှုရမည့် လုပ်ငန်းကြီးဖြစ်ပေရကား ကျွန်ုပ်တို့နိုင်ငံများအားလုံး သမစိတ္တ ညီမျှသော စိတ်ထားဖြင့် လက်တွဲ ဝန်းရံကြရပေလိမ့်မည်။

သဘာဝတရားအားလျော်စွာ ရာသီဥတုပြောင်းလဲခြင်းမှာ စနစ်တကျ ပြောင်းလဲမှုဖြစ်ပြီး စနစ်မကျသော ပြောင်းလဲ ခြင်းကိုမူ ဖောက်ပြန်ခြင်းဟု ခေါ်နိုင်သည်ဟု မြန်မာ့ဂုဏ်ဆောင် မိုးလေဝဂုရုကြီး ဒေါက်တာထွန်းလွင်က ရှင်းပြခဲ့ဖူး လေသည်။

ရာသီဥတုဖောက်ပြန်မှုမှာ သတ်မှတ်ဘောင်မရှိ၊ လွန်ကဲမှုအတိပြီးကာ လူ့ဘောင်၏ အရှည်တည်တံ့မှုကိုပါ ခြိမ်းခြောက်နေသည်။ စနစ်မကျသော ရာသီဥတုပြောင်းလဲမှု၏ လက်သည်မှာ ကျွန်ုပ်တို့ လူသားများပင် ဖြစ်သည်ဟု ဆရာကြီးက ဆိုမိန့်ခဲ့လေရာ ကျွန်ုပ်အပါအဝင် ရာသီဥတုဆိုးကျိုးများ၏ လှိုင်းတံပိုးများအလယ် မျက်စိသူငယ် ဖြစ်နေသူတို့မှာ အမြင်အလင်းရရှိခဲ့ကြလေသည်။

ရာသီဥတုသည် စနစ်ရှိရှိ ပြောင်းလဲပါက လွန်ကဲမှု(Extreme)တန်ဖိုး မရှိနိုင်ပေ။ သို့ဖြစ်ရကား လူပယောဂကြောင့် ရာသီဥတုချာချာလည် မပြောင်းစေဖို့ ကျွန်ုပ်တို့အနေဖြင့် ရာသီဥတုကို မထီရမ်းကား မပြုသင့်ချေ။ ယင်းသို့ပြုမူချေက ရာသီဥတုက ကျွန်ုပ်တို့ကို မထီရမ်းကား ပြန်လည်ပြုမည်သာတည်း။ "ဥတုရာသီ လူကိုမှီ" ဟူ၍ ဆရာကြီး ဆိုမိန့်ခဲ့သည့် သတိပေးချက်ကို ပြန်လည်ကြားယောင်မိရင်း "မထီရမ်းကား ဥတုတရား လူသားပေါ်မှီတည်"ဟူ၍ ကျွန်ုပ်ကျူးရင့် မိပါသတည်း။ ။

International Office Solution &International Security
Expo Nay Pyi Taw 2016
ပြည်ထဲရေး
လုံခြုံရေးဆိုင်ရာပစ္စည်းမိတ်ဆက်ပြပွဲကြီးနှင့်
ရုံးသုံး၊လုပ်ငန်းသုံးဘီလက်ထရောနစ်ပစ္စည်းများပြပွဲကြီး
Organized by M.P.S
Date : January 15th to 18th, 2016 Place : MICC II Hall(Nay Pyi Taw) Time : 9:00 AM to 7:00PM
Inquire : 09 43096666, 09420001617, 09 250527722, 01 513903 Email : zamingmg@gmail.com, mpsexhibition@gmail.com

GOLDEN STAR စီးပွားရေးလုပ်ငန်း
ရာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများမြင့် ...
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

အာရှနဂါး
Asia Dragon ကျိုးကော်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်- ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ-မြောက်ဥက္ကလာ ကမ္ဘာဇောဏ်၊ အကောင့်နံပါတ် ၀၇၀-၁၂-၁၀၀-၇၃-၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။ (ဖုန်း ၀၉၂၁၁၀၃၀၅ ၊ ၀၉-၇၈၇၆၆၆၆၇၀၊ ၀၉-၇၈၇၈၈၇၉၆၉၊ ၀၉-၂၆၃၂၄၄၄၇)

ဆေးတက္ကသိုလ်(၁)ရန်ကုန်(1984-1990)၏ ဆဋ္ဌမအကြိမ်ငွေရတုနှစ်မြောက် ဆရာကန်တော့ပွဲ

ဆေးတက္ကသိုလ်(၁)ရန်ကုန် (1984-1990)၏ ဆဋ္ဌမအကြိမ်ငွေရတုနှစ်မြောက် ဆရာကန်တော့ပွဲကို ၂၆-၁၂-၂၀၁၅(စနေနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအတွင်း WESTERN PARK RESTAURANT (ကျိုက္ကဆံ Polo Club Residence) တွင်ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်ကြားထားသော ကန်တော့ခံအငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ အတန်းဖော်သူငယ်ချင်းများ မပျက်မကွက်ကြွရောက် ချီးမြှင့်ပေးပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ

ဆက်သွယ်ရန်

(၁) ဒေါက်တာအေးအေးရီ - ၀၉-၅၀၆၁၈၂၆ (၂) ဒေါက်တာမွန်မွန်ခိုင် ၀၉-၅၄၁၃၉၆၆
(၃) ဒေါက်တာအိကျော်မြင့်ထွန်း ၀၉-၇၃၂၀၅၅၅၉ (၄) ဒေါက်တာခင်စုစု ၀၉-၅၁၉၇၉၆၁
(၅) ဒေါက်တာယုအေးလတ် ၀၉-၅၀၀၃၀၉၄၄၅ (၆) ဒေါက်တာအေးယုဝိုး ၀၉-၂၆၁၅၈၇၉၆၉
(၇) ဒေါက်တာသက်ဦး ၀၉-၄၂၀၀၃၀၂၉၈ (၈) ဒေါက်တာကြည်မာဦး ၀၉-၅၀၂၀၇၉၄
(၉) ဒေါက်တာရဲနီ ၀၉-၈၅၉၁၅၆၁ (၁၀) ဒေါက်တာ မိုးမိုးတင် ၀၉-၅၁၅၆၈၇၉

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၇/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-059(15-16)	Spares for HDD Rig Model H-046 (HK 250 T) (3 Items)	US$
(၂)	IFB-060(15-16)	Spares for ZJ 70L SR-2 Rig (5)Items	US$
(၃)	IFB-061(15-16)	Spares for Niigata Transmission and Reduction Gear Box Ex TM 3500 Drilling Rig(55)Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၁-၁-၂၀၁၆ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ပျောက်ဆုံးကြောင်း ကျွန်တော် ကောင်းမြတ်ပိုင် C.D.C 90839 ၏ D.S.D နံပါတ်(04099914)၊ ၁၅-၉-၁၄လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။ **ဆက်သွယ်ရန်ဖုန်း-၀၉-၇၈၃၁၂၂၂၇၆**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓဋ္ဌပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၀

ဦးဝင်းနိုင်
အမှတ်-၃၅၄၊ စက်မှုလမ်း(ခ)
မင်းလှလမ်း၊ (၉)ရပ်ကွက်
လှိုင်သာယာမြို့နယ်။

နှင့်

၁။ဒေါ်ဇင်မာထွေး
အမှတ်-၃၀၃၊ ကမ်းနားလမ်း၊
ကြည့်မြင်တိုင်မြို့နယ်။
၂။ဒေါ်နုနု
အမှတ်-၂၈/ဘီ၊ ညောင်ပင်လမ်း၊
ကြည့်မြင်တိုင်မြို့နယ်။
၃။ဦးကျော်ဇင်တိုး
အမှတ်-၃၆၁၊ ဓာတု(၂)လမ်း၊
(၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်-၃၀၃နေ (၁)တရားပြိုင် ဒေါ်ဇင်မာထွေး၊ ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ အမှတ်-၂၈/ဘီနေ (၂)တရားပြိုင် ဒေါ်နုနုနှင့် လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ဓာတု(၂)လမ်း၊ အမှတ်(၃၆၁)နေ (၃)တရားပြိုင် ဦးကျော်ဇင်တိုး(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်တို့အပေါ်၌တရားလိုက **"ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ စက်မှုလမ်း(ခ)မင်းလှလမ်း၊ အမှတ်-၃၅၄၊ အလျားလေး၊ အနံပေ(၆၀)ရှိ အိမ်ခြံမြေအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် (၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်မိုလိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်မှိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မောင်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဝန်ထမ်းအလိုရှိသည် အခြေခံလစာ(၂၀၀၀၀၀-၂၅၀၀၀)

ကွန်ပျူတာစာရင်းပိုင်းအတွက် Microsoft Excel ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ မ(၃)ဦး အမြန်အလိုရှိသည်။

December လအတွင်း အမြန်ဆက်သွယ်ရန်

Naing Win Telecom
Ph: 09-43069501, 09-420002929

လိုအပ်သောစာရွက်စာတမ်းများ

ပြည့်စုံစွာဖြည့်ထားသော CV၊ လိုင်စင်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ (၁)စောင်၊ မှတ်ပုံတင်မိတ္တူ ၁စောင်၊ တက်ရောက်ထားသော သင်တန်း Certificate မိတ္တူများ (သင်တန်းတက်ရောက်မထားသူများသည် Excel ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ပါက လျှောက်ထားနိုင်ပါသည်။) အရည်အချင်းပေါ်မူတည်ပြီး လစာတိုးခြင်း၊ bonus ခံစားခွင့်များထပ်မံ ရရှိနိုင်ပါသည်။

First Myanmar Construction Co.,Ltd.

1/ Chief Accountant Female (3) Posts

- အသက် (၄၅) နှစ်အတွင်းဖြစ်ရမည်။
- B.Com ,CPA,ACCAဘွဲ့ရပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်နှင့်အထက်ရှိသူ ဖြစ်ရမည်။
- Excel ,Accounting Software ကျွမ်းကျင်ရမည်။
- လချုပ်၊ နှစ်ချုပ် ကျွမ်းကျင်စွာဆွဲနိုင်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာ ရဲစခန်းထောက်ခံစာ၊ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ တို့နှင့်အတူ (၂၄.၁၂.၂၀၁၅) နေ့နောက်ဆုံးထား၍ အမှတ်(၁၀၇/၁၀၉)၊ အခန်းအမှတ်(၉၀၁/၉၀၂)၊ အနော်ရထာလမ်း နှင့် စဉ့်အိုးတန်းလမ်းထောင့်၊လသာမြို့နယ်၊ရန်ကုန်မြို့ရှိHRDepartment(ph;01245041) သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

"အများပြည်သူသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက် ၂၅/၉၊ မြေတိုင်း သကမ - ၄၊ မြေကွက်အမှတ် - ၆၄ (ခ)၊ (၂၃'×၆၀')၊ ဒေါ်ဥမ္မာအောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက် ပေါ်ရှိ အဆောက်အအုံပါဝင်တို့ကိုရောင်းပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကြည်စွမ် (ထားဝယ်) LL.B တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၄၈၄)
၂/၂၂၄၊ မင်းရဲကျော်စွာ (၈)လမ်း၊ (၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
ဖုန်း ၀၉ ၄၅၀ ၉၃၄၄၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၇၆)၊ (၂-လွှာ)ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် ရေမော်တာ၊ မီတာ၊ တယ်လီဖုန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သူ ဒေါ်သူဇာဝင်း[၁၂/ဗတထ(နိုင်)၀၀၀၀၄၅]က ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်သဘောတူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေရာတွင် ဒေါ်သူဇာဝင်း၏ညီမဖြစ်သူ ဒေါ်ချိုမာဝင်း[၁၂/ဗတထ(နိုင်)၀၀၀၈၁၂] က တာဝန်ယူ၍ စရန်ပေးစာချုပ်ချုပ်ဆိုကာ ငွေလက်ခံရယူထားပါသည်။

အဆိုပါရောင်းချမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်(မရွှိမ)LL.B အထက်တန်းရှေ့နေ(စဉ်-၄၁၉၇)
တိုက်အမှတ်-၉/၁၁၊ အခန်း(3-B)၊ မြေညီထပ်၊ ၃၆-လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၁၆၂၉၉၀

နှစ်သစ်အကြိုဆုမွန်လှာ

အားသစ်မာန်ကုမ္ပဏီလီမိတက် မှ ဖြန့်ဖြူးရောင်းချသော ကြံ့နှစ်ကောင် ဘီလပ်မြေကိုအစဉ်တစိုက် ရောင်းချပေးလျက်ရှိကြသည့် အောက်မြန်မာပြည် ကိုယ်စားလှယ်တော်ကြီးများ ဖြစ်ကြသော

Zin Htet Trading Co.,Ltd

အမှတ် - (၇၆) လမ်းသစ်လမ်း၊အာလိန်ငါးဆင့်ဘုရားအနီး၊ သာယာကုန်း၊အင်းစိန်မြို့နယ်၊
ဖုန်း - (၀၉ ၂၅၀၁၄၀၁၄၇)

Shwe Myitta Cement & General Trading

အဆောင် - (၂၆)၊အခန်း ၄/၅၊ ကျောက်စိမ်း ၄လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း - (၀၉ ၇၉၄၇၄ ၂၃၄၁/၀၁ ၉၆၄၀၀၁/၀၉ ၇၈၅၅၀၅၀ ၃ ၃)

အဲဗား

အမှတ် - (၆-၇)၊သမိန်ဗရမ်းလမ်း၊ ပုသိမ်ညွှန်ရပ်ကွက်၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ဖုန်း - (၀၉ ၅၀၁၅ ၂၅၈/၀၁ ၅ ၅ ၃ ၃ ၄ ၄)

Win Trading Co.,Ltd

အမှတ် - (၁၄၃)၊ဧရာတွာလမ်း၊ဘုရင့်နောင်၊မရမ်းကုန်းမြို့နယ်၊
ဖုန်း - (၀၉ ၅ ၀ ၁ ၀ ၇ ၆ ၁/ ၀၉ ၇ ၉ ၉ ၇ ၇ ၆ ၈ ၅ ၅/ ၀၉ ၄ ၂ ၁ ၁ ၁ ၆ ၀ ၂ ၉/ ၀ ၁ ၆ ၈ ၂ ၄ ၇ ၇ ၁)

Doe Tar Won Family

အဆောင် - (၄)**CEG** ပညာရေးသမအသင်းဆိုင်ခန်း၊ သမိန်ဗရမ်းလမ်း၊မင်္ဂလာတောင်ညွှန့်မြို့နယ်
ဖုန်း - (၀၉ ၄ ၂ ၁ ၀ ၈ ၄ ၃ ၁ ၈ / ၀ ၁ ၅ ၅ ၃ ၄ ၇ ၇)

Naing Nine Construction Material Trading

အမှတ် - (၂၄)၊အခန်း ၉ - ၁ ၀ ၊ကျောက်စိမ်း(၃)လမ်း၊စော်ဘွားကြီးကုန်း၊အင်းစိန်မြို့နယ်၊
ဖုန်း - (၀၉ ၇ ၈ ၇ ၃ ၃ ၃ ၈ ၁ ၀)

တို့နှင့်အတူ ကြံ့နှစ်ကောင်ဘီလပ်မြေကိုရောင်းချပေးနေသော အရောင်းဆိုင်ကြီးများ၊ ဝယ်ယူသုံးစွဲသူ Customer များအား ၂၀၁၆ ခုနှစ် နှစ်သစ်မှသည် စီးပွားလာဘ်လာဘများ တိုးတက်ပွားများပါစေကြောင်းနှင့် ကျွန်တော်များ အားသစ်မာန်ကုမ္ပဏီလီမိတက် နှင့် အတူတကွဆက်လက် လက်တွဲဆောင်ရွက်နိုင်ပါစေကြောင်းနှစ်သစ်အကြိုဆုမွန်ကောင်းတောင်းအပ်ပါသည်။

အားသစ်မာန်ကုမ္ပဏီလီမိတက်
(ကြံ့နှစ်ကောင်ဘီလပ်မြေ)

အလင်းရောင် www.alinyoungtravels.com
+ ကျိုက်ထီးမြို့ - ၄နေ့တဲ့ - 10000 (ခရီးစာရင်းပြုပြီး) - 28000
+ ချောင်းသာ (ရေမြင်) Package (ရေချိုးနေ့ + ပဲခူး) - 35000
+ ကျောက်ဆည်ရေးဟောင်းဂူ၊ ကျောက်စိမ်းဘုရား၊ မန္တလေး (ခေနျင်းပြန်) Dec 24/Jan 2 - 40000
+ တောင်ကြီး အင်းလေး ပင်းတယ၊ ထမ်စမ်း မေ့တော်ကတ္တူ (Dec-24)Guest-70000
+ မန္တလေး အလောင်းတော်ကသယ၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား၊ စစ်ကိုင်း ပုံ့ရွာ -70000
+ မန္တလေး အလောင်းတော်ကသယ၊ စစ်ကိုင်း ပုံ့ရွာ *သောမြတ်သူ့ ဇရပ်ရွှေမြန်မာရတ်* Hotel - 80000
+ မန္တလေး ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ *သောမြတ်သူ့ ဇရပ်ရွှေမြန်မာရတ်* Hotel+Rest - 90000
+ ပုဂံ၊ ညောင်ဦး ပုပ္ပါး Guest+Rest - 60000, Hotel+Rest - 70000 Dec 24/25, Jan 1
+ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ပ၊ ဘားအံ ၇(၅)ဝ *သောမြတ်သူ့ ဇရပ်ရွှေမြန်မာရတ်* - 43000
+ ထားဝယ် (ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ မော်လမြိုင် Guest Package - 110000
09421061860, 421099405, 421129597 (ကားခ၊ဈေးလုံးကားတဲ့ထူးနှုန်း)

AM. Air Con Service and Installation

Ph.No.,01-231574, 01-226148 , 01-2315430
01-227330, 09-402501816

F-52၊ သီရိရတနာစျေးဝင်းအတွင်း၊ မြောက်ဥက္ကလာပမြို့နယ်

တိုက်ခန်းကျယ်ရောင်းမည့် (ဦးရာလူ)

တာမွေ Orange အနီး (၃+တ) ဝမ်းဆက် (15' × 60')
နေရာကောင်း + ကားပါကင်ကောင်း + ပတ်ဝန်းကျင်ကောင်း
ဈေးနှုန်း - သိန်း (၁၀၀၀)
Ph : 09-795582613. 09-781442881

Since 1996
ပုလဲ (၅တန်းမှ ၁၀တန်း)
၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ (၈)မြို့နယ်တွင် တစ်ခရိုင်လုံး အောင်ချက်အကောင်းဆုံး (၃)ကျောင်းစာရင်းဝင်
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
ဝိမိတို့ ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။
စိတ်ပြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။
ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ ဝေးဂီတ၊ (၈)တန်းအစိုးရစစ်အတွက်လည်း အထူးလေ့ကျင့်ပေးသည်။
(၉)တန်းအထူးအစီအစဉ် – သင်ကိုးကုန်သင်ပေး၍ (၁၀)တန်းစာပါထပ်သောင်းသင်ပေးပါသည်။
၂၀၁၆ ကြိုးဝန်လက်ခံပြီ
အမှတ် (၇၇) ၄ တ်လမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉ ၅ ၁ ၃ ၅ ၈ ၈ ၅ ၁ ၊ ၀ ၉ ၃ ၁ ၃ ၄ ၇ ၂ ၄ ၆ ။
ဘဏ္ဍာရေးဆောင်မှုး/Guide အလိုရှိသည်

ထိုက်သူရမည်
တောင်ဒဂုံ၊ (၇၂) ရပ်ကွက်၊ ကျွန်စစ်သားလမ်းမကြီး ဧကာဂကပ် ကွန်ကရစ်လမ်း၊ ပေ ၂၀ × ပေ ၆၀ နှစ်ထပ် RC တိုက်သစ်၊ ခေတ်မီလုပ်စွာ မွမ်းမံတည်ဆောက်ထား၊ အိပ်ခန်းကျယ် (၃)ခန်း၊ ဆဲကွန်းအသစ် (၃)လုံး၊ တစ်တိုက်လုံး ကြွေပြားခင်း/ကပ်၊ အပေါ်ထပ် ကျွန်းပါကား၊ စတီး (လက်ရန်း/ ဝရန်တာ/ မဟော်ဂနီရောင် တံခါး မကြီးများ) ဖြင့် အလှဆင်ထား၊ ကိုယ်ပိုင် ရေ/မီး ပြည့်ပြည့်စုံစုံ၊ ဈေး/ ကျောင်း/ ကားဂိတ်/ မုန့်တိုက်နီး၊ ကားများများရပ်နားနိုင်၊ လေကောင်းလေသန့်ရှု လသာဆောင်ပါ၊ စိတ်အေးချမ်းသာစွာ အနားယူနိုင်သော နေရာကောင်း (ညှိနှိုင်းဈေး)
ဖုန်း- 09-73135444, 09-250283165

ကန့်ကွက်နိုင်ပါသည်

(၁) ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃ဂို(၁) လူနေရပ်ကွက်အမှတ် - အောင်ဇေယျအိမ်ရာ၊ မြေကွက်အမှတ်-3L၊ အကျယ်အဝန်း ၂၂' × ၆၀' အကျယ်ရှိ၊ နှစ်(၆၀)ဝရန် အမျိုးအစားမြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အောင်ဇေယျအိမ်ရာ၊ အိမ်အမှတ် (S/11) လေးထပ် RC တိုက်တစ်လုံး၊ ယင်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေမီးအပြည့်အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃ဂို(၁) လူနေရပ်ကွက်အမှတ် - အောင်ဇေယျအိမ်ရာ၊ မြေကွက်အမှတ်-3M၊ အကျယ်အဝန်း ၂၂' × ၆၀' အကျယ်ရှိ၊ နှစ်(၆၀)ဝရန် အမျိုးအစားမြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အောင်ဇေယျအိမ်ရာ၊ အိမ်အမှတ် (S/12) လေးထပ် RC တိုက်တစ်လုံး၊ ယင်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေမီးအပြည့်အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

တို့အား ဒေါ်ခင်ညိ (၁၂/ပဘတ (နိုင်) ၀၀၅၆၃ဝ,စ)မှ အမည်ပေါက်ပြီး ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံတတိယပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်မြမြိုလွန်, LL.B., D.B.L., D.L. - WIPO (Switzerland)
PIONEER LAW FIRM
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၁)
အမှတ်-၁၅၁၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၄၀ ၁၄၆၂ ၀၉ ၃၈ ၅၄၀ ၁၄၆၂

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်
Learners' Choice
စာမေးပွဲလမ်းညွှန်
အဋ္ဌမတန်း
ကြိုတင်လေ့ကျင့်ပြင်ဆင်နိုင်ရန်
ဘာသာစုံမေးခွန်း(၅)စုံနှင့် စံပြအဖြေများ
(အချိန်ကိုက်၊ အမှတ်ကိုက်၊ စံကိုက်အဖြေ)
ဖြန့်ချိရေး - ခေတ်သစ်စာပေ
အမှတ် ၂၃၅ ၂၃-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၅၄၃၂၈၊ ၃၀၃၀၅၅၅၊ ၃၀၄၆၅၅၅၊ ၃၀၃၀၉၅၅
ထွက်ပြီ
အပြိုပြိုအနယ်နယ်တွင် ဝယ်ယူရရှိနိုင်ပါပြီ။

ဦးအောင်အောင် LCCI

B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

Level - I + II, III = 15%Dis:

Level - I+II

(A)	SAT 7:00 - 8:30am SUN 26.12. 2015	(D)	THU 6:00 - 8:00pm FRI 14. 1. 2016
(B)	THU 9:30 - 12.00am FRI 31. 12. 2015	(E)	MON 7:00 - 8:30am TUE / WED 18.1. 2016
(C)	SUN 2:00 - 5:00pm 10. 1. 2016	(F)	MON 4:00 - 6:00pm TUE 25. 1. 2016

Level- III (B) (2. 1. 2016)

A/C IAS	(MON, TUE12:00-2:00pm)
Cost	(MON, TUE 2:00 - 4:00pm)
M A	(WED 12:00- 2:00pm)
ABC	(MON 10:00 -11:30am)
Stats	(TUE,WED 9:30 -11:30am)

(၂၃၉)၊ ဥထပ်၊ ဘားလမ်း၊ကျောက်တံတား။ ဖုန်း-၀၉ ၅၁၀၃၀၀၂၂၊ ၀၉ ၉၇ ၅၁၀၃၀၀၂၂ ၀၉ ၇၈ ၅၁၀၃၀၀၂

ဒေါက်တာဦးသန်းထွန်း(ရှေဘို)၏

(၆၀)အုပ်မြောက်စာအုပ်

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ စစ်ရေးနှင့် နိုင်ငံရေးစွမ်းရည်

ဖြန့်ချိရေး - မိုးကျော်သူစာပေ၊ ဖုန်း ၃၈၄၂၁၉

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၏ ၁၉၈၂ ကျောင်းသား/သူဟောင်းများ ဒုတိယအကြိမ် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၏ ရွှေရတုအလွန် အာစရိယပူဇော်ပွဲ ၂၇-၁၂-၂၀၁၅ ရက် နံနက်ပိုင်းနှင့် ၁၉၈၂ ကျောင်းသား/သူဟောင်းများ၏ ဒုတိယအကြိမ် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းဖိတ်ကြား အပ်ပါသည်။

နေ့ရက် - ၂၆-၁၂-၂၀၁၅ ရက် (စနေနေ့)
အချိန် - ညနေ ၆း၀၀ နာရီမှ ည ၉း၀၀ နာရီ
နေရာ - Panda Hotel (Padamya Hall)
ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မိတ်ဆုံစားပွဲလက်မှတ်များကို အောက်ပါသူငယ်ချင်းများထံတွင် ဆက်သွယ်ယယူနိုင်ပါသည်။

၁။ အောင်မြင့်လှိုင်(မိုးကြီး)၀၉-၈၇၅၀၀၈၈၈ ၇။ မူမူဝင်း(ရန်ကုန်)၀၉-၅၀၀၄၀၁၂
၂။ စောလွင်(ဟသ်တ)၀၉-၇၃၀၆၇၄၂ ၈။ ခင်သန်းမြင့်(အန်တီဘုတ်)၀၉-၇၃၀၄၆၇၁၆
၃။ သက်ဝင်း(ကူမဲ)၀၉-၂၁၅၀၈၂၅ ၉။ မြင့်မြင့်သန်း(ရန်ကုန်)၀၉-၅၁၃၃၇၆၃
၄။ လှမျိုး(နေပြည်တော်) ၀၉-၅၁၉၅၀၃၇ ၁၀။ ခင်လှမွန်(ပြည်)၀၉-၅၀၇၇၂၀၈
၅။ ညွှန့်ဌေး(မတ္တရာ)၀၉-၃၀၁၃၉၉၄ ၁၁။ တင်တင်အေး(ရန်ကုန်)၀၉-၇၉၆၆၁၁၂၇
၆။ မော်မော်ဆောင်(မန္တလေး)၀၉-၂၀၀၂၈၉ ၁၂။ အောင်ကြီး(ရန်ကုန်)၀၉-၅၀၇၆၃၂

DORA

Wedding Dress , Photo Studio & Video

New Year Promotion

20.12.2015 မှ 31.1.2015 ထိ

* ကျွမ်းကျင်ဓါတ်ပုံပညာရှင်များ
* ကျယ်ဝန်းပြည့်စုံသော စတူဒီယို
* အကောင်းဆုံးဝန်ဆောင်မှုများဖြင့် စိတ်တိုင်းကျ ရိုက်ကူးပေးပါသည်။
* အနောက်တိုင်းဝတ်စုံ လက်လီ/လက်ကား ရောင်း/ငှါးသည်။

ဝတ်စုံ (၂) စုံနှင့်အထက်ရိုက်သူတိုင်း 12"x18"Size+Frame (1)ခု လက်ဆောင်ပေးပါမည်။

★ ကြိုတင်ရက်ချိန်းရယူပါရန် ★

အမှတ် - ၁၁၄၊ဆရာစံလမ်း၊ဗဟန်း၊ ရန်ကင်းစင်တာရှေ့။

01-540794,09-254205549,09-262200285, 09-421045960,01-558199,01-400238 Ext 2112

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန

၁၇/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကျေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး(၁၀၈)တန်ခန့်
သစ်မာသစ်လုံး(၃၉၂၂)တန်ခန့်
ကျွန်းခွဲသား (၉၃)တန်ခန့်
သစ်မာခွဲသား(၂၀၇)တန်ခန့်
(ပိတောက်/တမလန်း သစ်များ ပါဝင်ပါသည်။)
(ဂ) ရောင်းချမည့်နေရာ - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)
မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄) ရွှေတိုဝုံ
ဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၄၃၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈ များတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

25th Anniversary

sail

BRANDING MYANMAR

first & largest advertising agency in Myanmar for 25 years

Authorized agent for MRTV,MRTV-4,Channel 7,City FM Radio

မြန်မာ့ပြည်သူများ MRTV-4 Channel-7 City FM Radio ကြော်ငြာကိုယ်စားလှယ်

✔ PR EVENTS ✔ MEDIA ✔ MARKET RESEARCH

✔ BTL ACTIVATION ✔ TV & VIDEO PRODUCTION

SAIL Group of Companies

4th Floor & 6 th Floor , Danathiha Center (near Bahosi)No.790 Bogyoke Road, Lanmadaw Tsp, Yangon, Myanmar

(01)211870, (01)224820, International +95 122 4820

www.advertising-myanmar.com , SAIL Group of Companies ,Myanmar

Viber, WeChat, BeeTalk နဲ့
MyChat တို့ကို အခမဲ့သုံးကြစို့

မိသားစုတွေနဲ့ မိတ်ဆွေတွေကို ဆက်သွယ်လိုက်ပါ။
ပုံများပေးပို့ခြင်း၊ ချက်တင်ပြုလုပ်ခြင်းနဲ့ အသံခေါ်ဆိုမှုများကို အခမဲ့ပြုလုပ်နိုင်ပါပြီ။

ooredoo

အထက ဒါးပိန်မြို့ မြတ်ဆရာပူဇော်ပွဲ

အထကဒါးပိန်မြို့တွင် ၁၉၅၈ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် ပင်စင်စားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ၂၀၁၅ခုနှစ်အတွက် ပညာရည်ထူးချွန်ဆုပေးပွဲများကို ၂၆-၁၂-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ(၁၃း၀၀)နာရီတွင် အထက ဒါးပိန်မြို့(ရွှေရတုဆောင်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများ အနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကန်တော့ခံ ကြွရောက်ကြပါရန်နှင့် ပညာသင်ယူ ခဲ့သော ရပ်ဝေးရပ်နီးမှ ကျောင်းသား/သူများ အားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အောက်ပါပုဂ္ဂိုလ်များထံ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန် မြှေးဆော်အပ်ပါသည်။ ၂၆-၁၂-၂၀၁၅ ရက်၊ နံနက်(၆း၀၀)နာရီတွင် ဦးလှဌေး နေအိမ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာမည် ဖြစ်ပါသည်။

၁။ဦးဝင်းကြည်- 09-5043215
၂။ဦးဖိုးကြည် - 09-250511412
၃။ဦးကျော်ဇော- 09-5114079
၄။ဦးတင်ထွန်း- 09-421170704
၅။ဦးနန်းဝင်း- 09-420228312
၆။ဦးကျော်ဆွေ- 09-420208353
၇။ဦးခင်မောင်ဝင်း- 09-420228399
၈။ဦးမြင့်အေး- 09-250075330
၉။ဦးအေးထွန်း- 09-5140948
၁၀။ဦးလှဌေး- 09-795700517

ရာထူးဝင်ခွင့်သင်တန်း
ရွှေးကောက်ပွဲကော်မရှင် (အနီးကပ်)
LO-4 ကျန်းမာရေးမှူး -၄
Assignment ဝယ်ယူနိုင်သည်။
CPA- ဝင်ခွင့်
၁၅ (F) မဟာဘောဂလမ်း။ မြေနီကုန်း။ ရန်ကုန်။ ဖုန်း- ၀၉၅၁၃၃၅၂

ဆေးဝါးနာရေး
ကျိုက်ထီးရိုး (ရေနွေ့)
ချောင်းသာ (ရေနွေ့)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅)ရက်
ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက်
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(၅)ရက်
ထားဝယ်(ရွှင်ကိုးရွှင်)၊ဟင်းမကန်(၆)ရက်
Dec 24, 31 Jan 1, 8, 15, 22, 29
Ph: 01-392704, 09 73017110, 09 5066657,09 785066657

အမည်ပြောင်း

ဦးဝေယံဟိန်း၏သမီး ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ အထက(၁)ဆဌမတန်း(B) မှ မသျှားနဒီထက်အား မမေသဇင်ဖူးဟု ပြောင်းလဲခေါ်ပါရန်။

မမေသဇင်ဖူး

တရားတော်သင်တန်းဝမ္မဒါနဖွင့်မည်

လယ်တီအဘိဓမ္မာ(ပရမတ္ထသံခိပ်)နှင့်မတ္တာသုတ်ကျင့်စဉ်သင်တန်းကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ဝမ္မဒါနသင်ကြားပို့ချမည်ဖြစ်ပါ၍ မည်သူမဆိုတက်ရောက်သင်ကြားနိုင်ကြောင်း သတင်းကောင်းပါး ဖိတ်ကြားအပ်ပါသည်။

သင်ကြားမည့်ဆရာတော်အရှင်ကဝိန္ဒာဘိဝံသ(သိရီပဝရ၊ မမ္မာစရိယ၊ ပါဠိပါရဂူ၊ တိပိဋကဒီဃဘာဏက)

အချိန်- နံနက် ၈နာရီမှ ၁၁နာရီထိ

နေရာ- ပစ်တိုင်းထောင်မိသားစုခမ္မာရုံ၊ ပေါက်တောဝမီးပွိုင့်အနီး၊ အင်းစိန်၊

ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၁၈၅၁၀၂၊ ၀၉-၇၉၆၃၃၃၄၃

စက်မှုဝန်ကြီးဌာန
အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)တွင် အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက်မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) ကုန်ကြမ်း (၂)မျိုး
(ခ) ပစ္စည်း (၁)မျိုး

၂။ တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၁၇-၁၂-၂၀၁၅ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၃၁-၁၂-၂၀၁၅ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို-အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)တွင် ၁၇-၁၂-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၄၄၉၆၃၊ ၀၉-၉၇၈၆၅၀၉၂၁၊ ၀၉-၇၉၆၆ ၂၂၃၃၃ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)

အထောင်မြို့(အထက)
ကျောင်းသား၊ ကျောင်းသူဟောင်းများ၏
သတ္တမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အထောင်မြို့ အထကတွင်ပညာသင်ကြားပေးခဲ့သောအသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအားပူဇော်ပွဲအခမ်းအနားကို ၂-၁-၂၀၁၆ ရက်တွင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှအပူဇော်ခံဆရာကြီး၊ ဆရာမကြီးများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံးမပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

ကန်တော့ပွဲကျင်းပမည့်ရက် -၂-၁-၂၀၁၆
ကန်တော့ပွဲကျင်းပမည့်အချိန် -ညနေ(၃)နာရီ
ကန်တော့ပွဲကျင်းပမည့်နေရာ -အထက(အထောင်) မြတ်လေးခန်းမ

ဆက်သွယ်လျှောက်ထားရန်
ဒေါ်မြစိမ်းအေး(၀၄၆-၆၅၀၅၁)၊ ဒေါ်တင်တင်ဝေ(၀၄၆-၆၅၁၄၈)
ဦးတင်ထွန်းနိုင်(၀၄၆-၆၅၁၃၃)၊ဦးကျော်မင်းဦး(၀၄၆-၆၅၀၃၁)၊
(၀၉-၂၅၀၁၁၁၄၄)၊
ဦးမင်းလွင် (၀၉-၂၅၀၇၃၄၅၉)
ဦးအောင်ကျော်စိုး(၀၉-၄၂၀၀၁ ၂၁၅)

ကမ္ဘာကျော် Nature Republic အမှတ်တံဆိပ် အလှကုန်ပစ္စည်းအတုများကို ဖြန့်ဖြူးရောင်းချမိသည့်အတွက် Kiss Star အလှကုန်ဆိုင်မှ နစ်နာကြေးပေးလျော်ခြင်းနှင့် ဝန်ချတောင်းပန်ခြင်း

ကျွန်မသည် Nature Repubic အမှတ်တံဆိပ် အတုအပ ဆင်တူယိုးမှားများကို လက်ကားဖြန့်ဖြူးရောင်းချခဲ့မိသည့်အတွက် Korea နိုင်ငံတွင် တည်ထောင်ထားသော Nature Republic Co., Ltd. အားလည်းကောင်း အဆိုပါ Company ၏ မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ် (Exclusive Distributor)ရထားသော Nature's Story Trading Co.,Ltd. (Nature Republic Myanmar) အားလည်းကောင်း၊ Nature Republic အလှကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ သုံးစွဲကြသော မိဘပြည်သူများအား လည်းကောင်း အနှေးအညှောင်းတောင်းပန်အပ်ပါသည်။

ကျွန်မ၏ ဥပဒေမဲ့လုပ်ရပ်ကြောင့် မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်တွင် ငွေကြေးအားဖြင့် ကုစား၍မရနိုင်သော နစ်နာဆုံးရှုံးမှုအရပ်ရပ် ရှိနိုင်သည်ဟု နားလည်သဘောပေါက်ပါသည်။ Nature's Story Trading Co.,Ltd က ကျွန်မအား သက်ညှာသောအားဖြင့် ပေးလျော်ရန် သတ်မှတ်သည့် နစ်နာကြေး ငွေကျပ် သိန်း(၃၀၀) (ကျပ်သိန်းသုံးရာတိတိ)ကို ပေးလျော်ပြီးပါကြောင်းနှင့် နောက်နောင်မည်သည့်အခါမျှ Nature Republic ပစ္စည်း အတုအပဆင်တူယိုးမှားကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချတော့မည်မဟုတ်ပါကြောင်း၊ တရားမဝင် တင်သွင်းဖြန့်ဖြူးရောင်းချလာသူများရှိလျှင်လည်း Nature's Story Trading Co., Ltd နှင့် ပူးပေါင်းဖော်ထုတ်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။

ဒေါ်ထွေးထွေးဝင်း
၉/ပဥ္စလ (နိုင်) ၀၂၇၇၅
Kiss Star အလှကုန်ပစ္စည်းဆိုင်
E-32, D-32၊ တတိယထပ်၊ ယုဇနပလာဇာ

အထက(၃)တောင်ဥက္ကလာပကျောင်းသား/သူဟောင်းများ၏ ဒဿမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၃) တောင်ဥက္ကလာပ ကျောင်းသား/သူဟောင်းများ၏ ဒဿမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်(တနင်္ဂနွေ)တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာကြီး/ဆရာမကြီးများ ၊ ကျောင်းသား/သူဟောင်းများ ကြွရောက်တွေ့ဆုံကြပါရန် ဖိတ်ကြားအပ်ပါသည်။
အလှူငွေများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဒေါက်တာ အောင်ငွေ	၀၉-၅၁၂၇၀၂၉	ဒေါ်မြင့်မြင့်စိန်	၀၉-၅၁၈၈၇၄၅
ဦးခင်မောင်ကျော်	၀၉-၄၂၀၁၂၇၀၅	ဒေါ်ခင်ခင်ကြီး	၀၉-၇၉၉၅၈၅၈၀
ဦးသက်ကိုကို	၀၉-၅၁၉၆၈၉၇	ဒေါ်ဖြူဖြူအေး	၀၁-၅၆၁၃၈၃
ဒေါက်တာ အောင်ခိုင်	၀၉-၅၀၆၈၂၀၁	ဒေါ်ဥမ္မာအေး	၀၁-၅၆၄၄၈
ကိုနေအောင်သန်း	၀၉-၉၆၁၃၀၆၀၈၀	ဒေါ်အေးသီတာထွန်း	၀၉-၄၂၈၀၁၇၂၉၈
ကိုသန့်စင်ထွန်း	၀၉-၇၉၅၆၅၈၁၈၆	ဦးမောင်အုန်း	၀၉-၇၉၆၅၈၄၆၈၁
ဦးတင်ဦးလွင်	၀၉-၉၇၃၆၀၀၁၇၄		

၁၉၆၈–၁၉၇၁ စီးပွါးရေးတက္ကသိုလ်ဘွဲ့ရများ ဆဌမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲအာစရိယပူဇော်ပွဲကိုအစဉ်အလာမပျက်အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍သူငယ်ချင်းများအားလုံးစုံညီစွာတက်ရောက်ကြရန်ဖိတ်ကြားအပ်ပါသည်။

၃–၁–၂၀၁၆ (တနင်္ဂနွေ)နေ့

ဆရာကန်တော့ပွဲ – နံနက်(၀၉း၀၀) နာရီ – စီးပွားရေးတက္ကသိုလ် (နီလာရတုခန်းမ)
ဆရာကန်တော့ပွဲအပြီး – မွန်းလွဲ(၀၁း၀၀) နာရီ – ဒို့မျိုးအင်းယားရွှေရှမ်းကန်မှာဆုံကြမယ်
ဆက်သွယ်လှူဒါန်းရန် –၀၉ ၅၀၇၁၃၂၂၂၊ ၀၉ ၇၃၀၃၃၅၆၅၊ ၀၉ ၅၁၆၅၂၄၈၊ ၀၉ ၅၀၀၈၇၁၆၊ ၃၉၆၄၅၅၁၊ ၀၉ ၅၀၀၈၉၈၀၊ ၀၉ ၅၀၄၂၀၇၇၊ ၀၉ ၆၅၀၁၉၁၅၊ ၀၂ ၂၂၆၆၀ ၊ ၀၉ ၀၆၂၄၆၁၆ ၊၀၉ ၄၉၃၅၁၂၇၈၊၀၉ ၅၀၀၆၁၀၉၂။

သတ္တမအကြိမ်မြောက် ထူးကြီး အထကမြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာအမွေပေးခဲ့ကြသော အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်(တနင်္ဂနွေနေ့)တွင် နှစ်စဉ်အစဉ်အလာမပျက် တပည့်ဟောင်းများမှ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ဆရာကြီး၊ ဆရာမကြီးများနှင့် အဝေးရောက်တပည့်ဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ အခမ်းအနားသို့ ဆရာ၊ ဆရာမကြီးများမှ အပူဇော်ခံကြွရောက်ပါရန်နှင့် တပည့်ဟောင်းများလည်း ကြွရောက်ပူဇော်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်မြို့မှတစ်ဆင့်ကြွရောက်မည့် ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းညီအစ်ကိုမောင်နှမများသည် ဇန်နဝါရီလ ၂ ရက် နံနက် ၇ နာရီတွင် ("ဝ"တစ်လုံးအဆွေတော်) ဒဂုံရောကားဂိတ်စုရပ်မှကားများ ထွက်ခွာမည်ဖြစ်ပါသဖြင့် အချိန်မီကြွရောက်နိုင်ရန်နှင့် အောက်ပါ(ရန်ကုန်)မှ ကျောင်းသားဟောင်းများသို့ ဆက်သွယ်စာရင်းပေးကြပါရန် ကြိုတင်မေတ္တာရပ်ခံအပ်ပါသည်။

ရပ်ဝေးမှကျောင်းသား၊ ကျောင်းသူများအနေဖြင့် အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များနှင့် ဘဏ်မှတစ်ဆင့်လွှဲလိုပါက KBZ ဘဏ်၊ ငွေစာရင်းအမှတ်-၀၁၄၃၀၂၀၁၄၃၀၇၀၁ မှ တစ်ဆင့်လည်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ထူးကြီး)

ဦးမြင့်ထွန်း	- ၀၉-၇၉၅၈၈၆၉၀၂
ဦးတင့်နိုင်ထွန်း	- ၀၉-၂၅၀၄၈၄၄၅
အထက(ထူးကြီး)	- ၀၄၄-၃၃၀၃၈
စာကြည့်တိုက်(ထူးကြီး)	- ၀၄၄-၃၃၃၃၀
ကိုထွန်းထွန်းဦး(ဘိုလေး)	- ၀၉-၄၂၂၄၇၃၈၀၄

(ရန်ကုန်)

ဦးမြင့်သိန်း	- ၀၉-၅၁၀၀၃၂၀
ဦးခင်မောင်ဆွေ	- ၀၉-၄၂၀၀၀၆၆၄၂
ဦးရဲထွန်းဦး	- ၀၉-၄၂၀၁၅၄၂၂၅
ဒေါ်ကြည်ကြည်ဝေ	- ၀၉-၂၅၈၂၀၅၀
ဒေါ်ခင်စောဦး	- ၀၉-၈၆၂၉၇၅
ဒေါ်စမ်းစမ်းမော်	- ၀၉-၄၈၂၀၉၈၈၈၃
ဒေါ်မြင့်မြင့်စိုး	- ၀၉-၂၅၀၃၂၀၃၂

သတ္တမအကြိမ်မြတ်ဆရာပူဇော်ပွဲကော်မတီ
ထူးကြီးမြို့

